# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၈၉)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ စနေနေ့။


**နိုင်ငံတော် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးခိုင်မာတိုးတက်ရေး ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းအားထုတ်ကြိုးပမ်းဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံသို့ပေးပို့ခဲ့သည့်ဂုဏ်ပြုသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**၂၀၁၂ ခုနှစ်တွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသော တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာရှင်အပေါင်းတို့ခင်ဗျား-**

ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်မပျက်မကွက်ကျင်းပနိုင်ခဲ့သည့် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံသက်တမ်းသည် ယခုနှစ်ဆိုလျှင် ဆယ်စုနှစ်တစ်စုကို ကျော်လွန်လာခဲ့ပြီး ၁၄ နှစ်တိုင် ရောက်ခဲ့ပြီဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံအခါသမယတွင် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ယခုနှစ်ညီလာခံကြီးတွင်လည်း ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာရှင်အပေါင်းတို့ ကျန်းမာရွှင်လန်းစွာ ဆုံစည်းကြပြီး ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားတိုးတက်စေရေးကို ရည်မှန်းလျက် မိမိတို့၏ အတွေ့အကြုံ၊ အတွေးအခေါ်၊ စေတနာမှန်သော၊ အပြုသဘောဆောင်သော လုပ်ဆောင်ချက်များကို ဖလှယ်ကြ၊ ဆွေးနွေးတိုင်ပင်ကြရင်း ကောင်းမွန်သော မြန်မာ့တိုင်းရင်းဆေး သမိုင်းအမွေအနှစ်များကို ချန်ရစ်ထားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးတိုးတက်ဖြစ်ထွန်းမှုကို ကျန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုခန့်ကာလအတွင်း ပြန်လည်သုံးသပ်ကြည့်မိပါသည်။ ၁၉၉၆ ခုနှစ်တွင် "တိုင်းရင်းဆေးဝါး ဥပဒေ"ကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် "တိုင်းရင်းဆေးကောင်စီဥပဒေ" ကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ဤဥပဒေနှစ်ခုသည် မြန်မာ့တိုင်းရင်းဆေး စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ကြီးကြပ်လမ်းညွှန်ပေးသည့် အဓိက မဏ္ဍိုင်ကြီးများ ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးဥပဒေ ပြဋ္ဌာန်းချက်များက အများပြည်သူတို့ အားကိုးအားထားပြုနိုင်သည့် အရည်အသွေးမီ အစွမ်းထက် တိုင်းရင်းဆေးဝါးများကို

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# တိုင်းရင်းဆေး၏ အစွမ်းအာနိသင်ထက်မြက်မှု၊ ဘေးအန္တရာယ်ကင်းမှုကို အာမခံနိုင်ရန်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(MICC)၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ညီလာခံအဖွင့်အမှာစကားပြောကြားခဲ့သည်။

ယခု မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး တိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်တို့၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပိုမိုစောင့်ရှောက်မှု ပေးနိုင်ရေးနှင့် အရည်အသွေးမြင့် တိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရေးစသည့် ရည်ရွယ်ချက်(၅)ချက်ဖြင့် ကျင်းပခြင်း ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ▲



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခန်းမအတွင်း၌ ဖွင့်လှစ်ပြသထားသည့် တိုင်းရင်းဆေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ငူမြို့ ကေတုမတီမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် MMA ရွှေခါးပတ်ချန်ပီယံ၊ ဒဂုံရွှေအောင်လံ ဒုတိယဆုရှင် ဖိုးသားကြီး(မန္တလေး)နှင့် ရဲရင့်(နဂါးမာန်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ရှင် လှစ်လှစ်လေး(အဖြူရောင်သွေးသစ်)နှင့် နယ်စပ်လက်ဝှေ့ကျော်မိုက်ခဲ (Top One)၊ ဆီးဂိမ်းလက်ရွေးစင် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် သားအသဲတစ်ပွင့်(မန္တလေး)တို့၏ ငါးချီစိန်ခေါ်ပွဲများ၊ လေးချီအထူးစိန်ခေါ်ပွဲ သုံးပွဲနှင့် ဒေသခံမျိုးဆက်သစ်လူငယ်များ၏ ကြားပွဲများ ပါဝင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


**ယနေ့ မာတိကာ**

ရေခဲပြင်အတွင်း ပိတ်မိနေသော အန္တာတိကသင်္ဘောအား လမ်းကြောင်းရှာပေးရန် တရုတ်သင်္ဘောသွားမည် — စာ - ၄

မသန်လည်းလူ၊ သန်လည်းလူ စွမ်းဆောင်မှုသာ အဓိက (ဆောင်းပါး) — စာ - ၆

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းအနီးတွင် မြို့ကွက်များ ဖော်ထုတ်တည်ဆောက် — စာ - ၁၃

ချယ်လ်ဆီးနဲ့ လီဗာပူး နိုင်ပွဲကို ဘယ်သူဖြတ်သန်းမလဲ — စာ - ၁၄

မိုးညှင်း-မန္တလေး အောင်ရတနာ ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း တိုးချဲ့ခရီးစဉ်သစ်ဖွင့် — စာ - ၁၆





## ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

မှတ်ပုံတင်ခြင်းနှင့် ထုတ်လုပ်ခွင့်လိုင်စင်များဖြင့် ဥပဒေနှင့်အညီ စနစ်တကျ ထုတ်လုပ်နိုင်ရေးအတွက် လမ်းညွှန်အားပေးထားသကဲ့သို့ ရှိပါသည်။ မျက်မှောက်ကာလတွင် Good Manufacturing Practice (GMP) အတိုင်း ကျင့်သုံးသော တိုင်းရင်းဆေးဝါးစက်ရုံများပင် ဖြစ်ထွန်းလာသည်ကို တွေ့ရှိနေရပါသည်။ အလားတူပင် တိုင်းရင်းဆေးကောင်စီဥပဒေကလည်း မှတ်ပုံတင် လက်မှတ်ရ၊ တိုင်းရင်းဆေးပညာရှင်များက ပြည်သူလူထုကို စနစ်တကျ ကျန်းမာရေးစောင့်ရှောက် ကုသမှုပြုနိုင်ရေးအတွက် ထိန်းကျောင်းအားပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးနှင့်နီးနွယ်ပညာရှင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်တို့သည် တိုင်းရင်းဆေးဆိုင်ရာဥပဒေများ၏ မူဘောင်အတွင်းမှ မြန်မာ့တိုင်းရင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ တိုးတက်ဖွံ့ဖြိုးသထက် ပို၍ပို၍ တိုးတက်ဖွံ့ဖြိုးရေးကို စုပေါင်းညီညာချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများကို ကြည့်ပြန်လျှင်လည်း ၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေး သိပ္ပံကျောင်းကိုတည်ထောင်ခဲ့ကာ ဒီပလိုမာအဆင့်ပညာရှင်များ မွေးထုတ်နိုင်ခဲ့သလို ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တည်ထောင်နိုင်ခဲ့ပြီး ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရပညာရှင်အဆင့်သာမက မဟာဘွဲ့ပညာရှင်အဆင့်ထိ မွေးထုတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့မျှမက ၂၀၀၇ ခုနှစ်ကစ၍ အရေးပေါ်အိမ်သုံး မြန်မာ့တိုင်းရင်းဆေး သေတ္တာများ ကျေးလက်တောရွာများဆီအရောက် ဖြန့်ဝေခဲ့၊ ဖြန့်ဝေလျက်ရှိသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ၂၀၀၈ ခုနှစ်တွင် အမျိုးသားပရဆေးဥယျာဉ်ကြီးကို နေပြည်တော်တွင် တည်ထောင်ဖွင့်လှစ်နိုင်သည့် ဆောင်ရွက်မှုများ၊ ၂၀၁၃ ခုနှစ်မှာ နိုင်ငံတကာအဆင့်မီ မြန်မာ့ပရဆေးပင်ကျမ်း (Myanmar Herbal Pharmacopoeia) ပေါ်ထွက်လာအောင် စွမ်းဆောင်မှုများသည်လည်း မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှုအတွက် မှတ်တိုင်များပင်ဖြစ်ပါသည်။ လတ်တလောကာလ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအတွင်း အာဆီယံအဆင့် တိုင်းရင်းဆေးဆိုင်ရာအစည်းအဝေးကြီးများနှင့် ညီလာခံကိုလည်း အိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့၊ ကျင်းပရန်များ အစီအစဉ်ရှိပြီး ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များသည် မြန်မာပြည်သူတို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကြီးမားသော အထောက်အပံ့များပင် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် တာဝန်ကို ထမ်းဆောင်ကြမည့် အဓိကအင်အားစုကြီးသည် မြန်မာပြည်တစ်ဝန်းလုံးမှ ချစ်ကြည်ရင်းနှီး၊ ပေါင်းစည်းစိတ်ကို အခြေခံ၍ ယခု တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးတွင် စုဝေးရောက်ရှိနေကြသည့် မြန်မာ့တိုင်းရင်းဆေး သမားတော်များနှင့်တိုင်းရင်းဆေးနှင့်နီးနွယ်သော ပညာရှင်အပေါင်းတို့ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာပြည်သူတို့၏ အသက်ရှည်ရာ အနာမဲ့ကြောင်းကို ရည်မျှော်လျက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များတို့သည် မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးခိုင်မာတိုးတက်ရေးအတွက် ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းအားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း (၁၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအခါသမယတွင် ဆုတောင်းမေတ္တာပို့သလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

▲ ရှေ့ဖုံးမှ

ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာ့တိုင်းရင်းဆေး သမားတော်များ၊ ဖိတ်ကြားထားသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးသမားတော်ကြီးများအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအပြင် တိုင်းရင်းဆေးသမားတော်ကြီးများနှင့် သက်ဆိုင်သူများအားလုံး၏ အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ ပြည်သူလူထုအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ပြီး တိုင်းရင်းဆေးကို ကျယ်ပြန့်စွာ သုံးစွဲကြသောကြောင့် ကျေးလက်နေ ပြည်သူများအတွက် တိုင်းရင်းဆေး၏ အခန်းကဏ္ဍသည် အဓိကကျလှပါကြောင်း၊ တိုင်းရင်းဆေးပညာကို အဆင့်အတန်းမြင့်တက်လာအောင် ယခုထက်ပိုမိုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ စည်းလုံးညီညာစွာ ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးပညာဆိုင်ရာ ကျမ်းဂန်၊ ပေ၊ ပုရပိုက်များ ရှာဖွေဖော်ထုတ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာမြှင့်တင်ရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးစနစ်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးကြိုးပမ်းဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများ၏ တိုင်းရင်းဆေးဝါးများ ပေါ်ပေါက်ရေးကြိုးပမ်း ဆောင်ရွက်ရန်ဆိုသည့် အဆိုပြုချက်(၅)ချက်ကို အဆိုတင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့ ပြုလုပ်ကြမည်ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါကြောင်း။

တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် အဆိုပြုချက်များ တင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့ ပြုလုပ်သကဲ့သို့ ညီလာခံကို နိုင်ငံတကာတွင် ကျင်းပသည့် ညီလာခံစံနှုန်းအတိုင်း ကျင်းပသွားနိုင်ရန် ထပ်မံကြိုးပမ်းအားဖြည့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ညီလာခံတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များက စနစ်တကျ သုတေသနပြုလုပ်ထားသည့် ရောဂါတစ်ခု (သို့မဟုတ်) ပြည်သူများအတွင်း အဖြစ်များသော ရောဂါတစ်မျိုးမျိုးကိုအခြေပြုသည့် စာတမ်းများအပေါ် အပြန်အလှန်ဖတ်ကြား ဆွေးနွေးခြင်း၊ မိမိတွေ့ရှိချက်၊ မိမိထင်မြင်ချက်၊ မိမိအတွေ့အကြုံအရ ထောက်ခံသင့်လျှင် ထောက်ခံကြပြီး ငြင်းပယ်သင့်လျှင်လည်း အချက်အလက်နှင့် ငြင်းပယ်ခြင်းမျိုးဖြင့် ညီလာခံအတွင်း ဆွေးနွေးအဖြေရှာသည့် အလေ့အထများ ရှိစေလိုပါကြောင်း။

နိုင်ငံတကာမှ တိုင်းရင်းဆေးသမားတော်များ၊ အာဆီယံနိုင်ငံများမှ တိုင်းရင်းဆေးသမားတော်များ ဖိတ်ခေါ်ပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ အပြန်အလှန်သွားရောက် လေ့လာကြခြင်းများလည်း မကြာခဏ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားများ အသီးသီးတွင်လည်း မြန်မာ့တိုင်းရင်းဆေးပညာဖြင့် နှစ်ပေါင်းထောင်ချီ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးများသည် ယခုဆိုလျှင် နယ်မြို့များတွင်သာမက နိုင်ငံတစ်ဝန်းလုံးတွင် အမည်တစ်ခုရလာပြီး တစ်နိုင်ငံလုံးက မှီဝဲအားထားနေကြသည့် တိုင်းရင်းဆေးများလည်း ရှိလာကြပြီဖြစ်ပါကြောင်း။

နှစ်စဉ်ကျင်းပနေသည့် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင် တိုင်းရင်းသားများ၏ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးပညာရပ်များကို ပေါင်းစပ်ဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ကြလျှင် ပိုပြီးပြည့်စုံသည့် ညီလာခံကြီးဖြစ်လာမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ကျင်းပသည့်ညီလာခံမှ ဆွေးနွေးဖလှယ်ခဲ့ကြသည့် ရလဒ်များ၊ ချမှတ်သည့် လုပ်ငန်းစဉ်များကို ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးချခြင်း၊ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပေးနိုင်မည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း နိုင်ငံတကာက အသိအမှတ်ပြုသည့် ဆေးပညာအဖြစ် ထင်ပေါ်လာမည်ဖြစ်ပါကြောင်း။

ထို့အတူ မြန်မာ့တိုင်းရင်းဆေးပညာ၏ ကျယ်ပြန့်နက်နဲခက်ခဲလှသည့် သဘောသဘာဝများကို နိုင်ငံတကာမှ နားလည်လက်ခံသုံးစွဲလာနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာအဆင့်ဖြစ်လာရန် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပညာရှင်များ၊ တိုင်းရင်းဆေးသမားတော်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည့်အပြင် တိုင်းရင်းဆေးဝါးများ၏ အရည်အသွေး၊ အစွမ်းအာနိသင် ထက်မြက်မှု၊ ဘေးအန္တရာယ် ကင်းရှင်းမှုတို့ကို အာမခံနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အတွေ့အကြုံအခြေပြုဆေးပညာမှတစ်ဆင့် ကမ္ဘာမှလက်ခံသည့် သက်သေအထောက်အထားပြု ဆေးပညာအဆင့်သို့ ရောက်ရှိအောင်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အရည်အသွေးမြင့် တိုင်းရင်းဆေး ထုတ်လုပ်သူများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဇရိယာထူထောင်ရန် သဘောတူညီချက်အရ တိုင်းရင်းဆေးဝါးများ၊ ကျန်းမာရေးဖြည့်စွက်စာများကို အာဆီယံနိုင်ငံများ၏ စည်းမျဉ်းစည်းကမ်းမူဘောင်နှင့်အညီ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းများ ဆောင်ရွက်ရတော့မည်ဖြစ်သည့်အတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

(၅)ကြိမ်မြောက် အာဆီယံနိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း မန္တလေးမြို့၌ လက်ခံကျင်းပမည်ဖြစ်သည့်အတွက် တိုင်းရင်းဆေး ပညာရှင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို ပိုမိုပြည့်စုံပြီး နိုင်ငံတကာမှ လက်ခံသုံးစွဲသည်အထိ ဖြစ်လာစေရန်၊ တိမ်မြုပ် ပျောက်ကွယ်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ပြန်လည်ဖော်ထုတ်ကြရန်၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို အာဆီယံစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ထုတ်လုပ်မှုဖြင့် ထုတ်လုပ်နိုင်စေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်၊ အနောက်တိုင်းဆေးပညာရှင်များနှင့် နီးနွယ်ပညာရှင်များက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အဆိုပါခန်းမအတွင်း၌ ဖွင့်လှစ်ပြသထားသည့် တိုင်းရင်းဆေးပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းရင်းဆေးလုပ်ငန်းရှင်များက တိုင်းရင်းဆေးဝါးများကို ဒုတိယသမ္မတထံ ဂါရဝပြုပေးအပ်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များနှင့် တိုင်းရင်းဆေးသမားတော်ကြီးများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

## ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊ ဥပဒေမူကြမ်းရေးဆွဲနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးခေါင်းဆောင်သော အဖွဲ့မှ ဗူးဘုရားဆိပ်ကမ်းသို့ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ရောက်ရှိပြီး စက်လှေပိုင်ရှင်နှင့် ကူးတို့ရေယာဉ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဥပဒေရေးဆွဲနိုင်ရေးနှင့် ပတ်သက်၍ တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ယင်းသို့ဆွေးနွေးရာတွင် ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဌေးလွင်နှင့် ဦးသန်းဌေးတို့က အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တွေ့ကြုံရသည့် အခက်အခဲများနှင့်ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နွေဦးရာသီပွဲတော်အတွက် လမ်းလုံခြုံရေး တရုတ်တင်းကျပ်

ပေကျင်း ဒီဇင်ဘာ ၂၇

တရုတ်နိုင်ငံတွင် ဇန်နဝါရီ ၁၆ ရက်၌ စတင်သော ရက် ၄၀ ကြာ နွေဦးရာသီ ခရီးသွားပွဲတော်ကာလ အတွင်း လမ်းများလုံခြုံစိတ်ချရစေရန် တရုတ်ရဲတပ်ဖွဲ့က ကင်းလှည့်စစ်ဆေး ခြင်းလုပ်ငန်းကို တင်းတင်းကျပ်ကျပ်လုပ် ဆောင်လိမ့်မည်ဟု ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

လုံခြုံချောမွေ့သော ခရီးစဉ်များ ဖြစ်စေရန် အဓိကပွဲတော်ရာသီမတိုင် ခင် တစ်နိုင်ငံလုံးတွင် လုံခြုံရေးစစ်ဆေး မှုနှစ်မျိုး ဆောင်ရွက်ရန်အတွက် ပို့ ဆောင်ရေးစီမံခန့်ခွဲမှု အာဏာပိုင်များက အစီအစဉ်ချထားကြောင်း ဝန်ကြီးဌာန၏ ပို့ဆောင်စီမံခန့်ခွဲမှု ဗျူရိုက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

စစ်ဆေးရေးကာလအတွင်း တာဝန် ရှိပုဂ္ဂိုလ်များသည် စိတ်မချရသော ယာဉ်များနှင့် အရည်အချင်း မပြည့် မီသော ယာဉ်မောင်းများကို ဦးတည်၍ လိမ့်ဆင်းနိုင်ပြီး မြူထူထပ်သော အန္တရာယ်ရှိနိုင်သည့် လမ်းပိုင်းအားလုံး တွင် သတိပေးဆိုင်းဘုတ်များ စိုက်ထူ ထားသည်။

နွေဦးရာသီပွဲတော် သို့မဟုတ် တရုတ်နှစ်သစ်ကူးသည် ဇန်နဝါရီ ၃၁ ရက်တွင် ကျရောက်မည်ဖြစ်သည်။ နှစ် သစ်ကူးပွဲသည် မိသားစုပေါင်းစည်းရေး အတွက် အရေးကြီးဆုံးတရုတ်အားလပ် ရက်ဖြစ်သဖြင့် နိုင်ငံ၏ ပြည်သူ့ပို့ဆောင် ရေးစနစ် အလွန်အလုပ်များသော ကာလဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အကြား ခရီးသွားလာမှု အမြင့် ဆုံးကာလအတွင်း ခရီးစဉ်စုစုပေါင်း ၃ ဒသမ ၂၈ ဘီလီယံခန့်ရှိလိမ့်မည်ဟု မျှော်လင့်ရကြောင်း အဆိုပါ ဗျူရိုအရ သိရသည်။

တာဝန်ရှိပုဂ္ဂိုလ်များသည် စစ်ဆေး ရေးကာလအတွင်း ဝန်ပိုတင်ဆောင် ခြင်း၊ အခမဲ့ခိုင်းစေခြင်း၊ တရားမဝင် လမ်းလုပ်ငန်းဆောင်ရွက်စေခြင်းနှင့် လိုင်စင်မရှိသော ယာဉ်မောင်းများကိစ္စ ကို အာရုံစိုက်ဆောင်ရွက်မည် ဖြစ် သည်။ **(ဆင်ဟွာ)**



အီသီယိုးပီးယား၊ တောင်ဆူဒန်နှင့်ကင်ညာနိုင်ငံများ၏ ခေါင်းဆောင်များအား ဒီဇင်ဘာ ၂၆ ရက်က ဂျူဘာ၌ အတူတွေ့ရစဉ်။

# တောင်ဆူဒန်အရေး အရှေ့အာဖရိက ခေါင်းဆောင်များဆွေးနွေးကြမည်

နိုင်ရိုဘီ ဒီဇင်ဘာ ၂၇

လူ ၁၀၀၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်သည်ဟု ယုံကြည်ထားကြသော တောင်ဆူဒန်နိုင်ငံမှ ပဋိပက္ခကြီးထွား လာမှုနှင့် ပတ်သက်၍ ဆွေးနွေးရန် အရှေ့အာဖရိကခေါင်းဆောင်များ ကင်ညာနိုင်ငံသို့ရောက်ရှိနေကြသည်။

တောင်ဆူဒန်သမ္မတ ဆယ်လ် ဗာကီယာက ကင်ညာနှင့် အီသီယိုးပီး ယားဝန်ကြီးချုပ်များနှင့် တွေ့ဆုံပြီး နောက်တစ်နေ့တွင် အဆိုပါဆွေးနွေး ပွဲများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုစဉ်အတွင်း ပထမဆုံးသော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ ၄၈ နာရီအတွင်း ဆိုက်ရောက်လာ မည်ဟု မျှော်လင့်ထားကြောင်းဖြင့် လည်း ကုလသမဂ္ဂက ထုတ်ဖော်ပြော ကြားသည်။

အကြမ်းဖက်ပဋိပက္ခများမှာသမ္မတ ကီယာကို သစ္စာခံသူများနှင့် ဒုတိယ သမ္မတဟောင်း ရီယက်မက်ချာက ကျောထောက်နောက်ခံပြုထားသည့် အင်အားစုများအကြား လွန်ခဲ့သည့် ၁၂ ရက်ကတည်းက ဖြစ်ပွားနေ ခြင်းဖြစ်သည်။ အရပ်သူ အရပ်သား ၅၀၀၀၀ ကျော်တို့မှာ တောင်ဆူဒန်ရှိ ကုလသမဂ္ဂစခန်းများ၌ ခိုလှုံနေကြ ရသည်။

တောင်ဆူဒန်နိုင်ငံ၏ မြို့တော် ဂျူဘာတွင် သမ္မတကီယာနှင့် ယမန်နေ့က တွေ့ဆုံဆွေးနွေးစဉ် ပေါ်ထွက်လာသည့် အကြောင်းအရာ များနှင့် စပ်လျဉ်း၍ အရှေ့အာဖရိက ရှစ်နိုင်ငံအုပ်စုမှ ခေါင်းဆောင်များ ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီတွင် တွေ့ဆုံ၍ ဆက်လက်ဆွေးနွေး ကြမည်ဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# အိုကီနာဝါကျွန်းပေါ်ရှိ

# အမေရိကန်လေတပ်စခန်းနေရာရွှေ့မည်ဟုဆို

အိုကီနာဝါ ဒီဇင်ဘာ ၂၇

အိုကီနာဝါကျွန်းတောင်ပိုင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ လေတပ် စခန်းကို နေရာရွှေ့ပြောင်းသွားမည်ဟု ဂျပန်နိုင်ငံက အတည်ပြုလိုက်ပြီဖြစ် ကြောင်း တရားဝင်သတင်းရပ်ကွက်က ပြောကြားသည်။

ကျွန်း၏ လူနေကျဲပါးသော ဒေသတွင် လေတပ်စခန်းသစ်တစ်ခုတည်ထောင် ရန်အတွက် မြေဖို့ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ကျွန်းအုပ်ချုပ်ရေးမှူး ဟီရိုကာဇူ နာကာအီမာက ကတိပေးထားသည်ဟုလည်း ဆိုသည်။

ဂျပန်နိုင်ငံ၏ လုံခြုံရေးအတွက် တာဝန်ယူခဲ့သည့် ကာလတစ်လျှောက် လုံးတွင် အမေရိကန်သည် ၎င်း၏တပ်ဖွဲ့ဝင် ၂၆၀၀၀ ခန့်ကို အိုကီနာဝါတွင် ထားရှိခဲ့သည်။ သို့ရာတွင် အမေရိကန်စစ်အခြေစိုက်စခန်းများမှာ ဒေသတွင်း၌ လူကြိုက်မများခဲ့သည့်အပြင် ဒေသခံများ၏ ဖိအားပေးမှုများ ကြီးထွားလာခဲ့ မှုနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ယခုအခါ အမေရိကန်၏ ဖူတန်းမာ့ လေတပ်စခန်းကို အိုကီနာဝါကျွန်း မြောက်ပိုင်း လူနေထူထပ်ခြင်းမရှိသော ဒေသဖြစ်သည့် နာဂိုအနီးရှိ နေရာသစ် သို့ ရွှေ့ပြောင်းတော့မည် ဖြစ်သည်။ **(ဘီဘီစီ)**



ပြောင်းရွှေ့တော့မည့် ဖူတန်းမာ့လေတပ်စခန်း

# ရေခဲပြင်အတွင်းပိတ်မိနေသော အန္တာတိကသင်္ဘောအား လမ်းကြောင်းရှာပေးရန် တရုတ်သင်္ဘောသွားမည်



ရေခဲပြင်အတွင်း ပိတ်မိနေသော သင်္ဘောကိုတွေ့ရစဉ်

ဝါရှင်တန် ဒီဇင်ဘာ ၂၇

ခရစ္စမတ်နေ့ ကတည်းကပင် အရှေ့အန္တာတိကရှိ များစွာသော ရေခဲထုများထဲ ပိတ်မိနေသော သိပ္ပံ ဆိုင်ရာ မစ်ရှင်သင်္ဘောတစ်စင်းဆီသို့ သွားရောက်ရန် တရုတ်ရေခဲပြင်ခွဲ သင်္ဘောက ရည်ရွယ်ထားသည်။

အဆိုပါသွားရောက်မည့် တရုတ် ရေခဲပြင်ခွဲသင်္ဘော Snow Dragon အမည်ရှိ သင်္ဘောသည် သုတေသနပြု လေ့လာရေးသင်္ဘော Shokalskiy ကို ရေပြင်ဆီသို့ ရောက်ရှိစေရေး အတွက် ရေခဲပြင်များကိုခွဲကာ လမ်း ကြောင်း ရှာပေးမည်ဖြစ်သည်။

ဩစတြေးလျ အန္တာတိကလေ့လာ ရေး ခရီးသွားအဖွဲ့သည် ရုရှားသင်္ဘော ကို အသုံးပြု ခရီးသွားကြခြင်းဖြစ်ပြီး သင်္ဘောပေါ်၌ အဖွဲ့ဝင် ၇၄ ဦးပါရှိ သည်။ ၎င်းအဖွဲ့သည် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလက လေ့လာစူးစမ်း ရန် သွားရောက်ခဲ့သူ Douglas Mowson ၏ လမ်းကြောင်း အတိုင်း ထပ်မံသွားရောက်ကြခြင်းဖြစ်သည်။

၎င်းသုတေသနပြု လေ့လာရေး သင်္ဘော Shokalskiy သည် ဩစ တြေးလျတိုက် တပ်စ်မေးနီးယားပြည် နယ်၏ မြို့တော်ဟိုဘတ် တောင်ဘက် ရှိ မိုင် ၁၅၀၀ ခန့်အကွာရှိ အလွန် ထူထဲသော ရေခဲပြင်ထဲ ပိတ်မိနေ ခြင်းဖြစ်သည်။ Shokalskiy သင်္ဘော တွင် စားရေရိက္ခာများအလုံအလောက် ဖြည့်တင်းထားသဖြင့် ယင်းကိစ္စ အတွက် ပူပင်စရာမရှိပေ။

တရုတ်ရေခဲပြင်ခွဲသင်္ဘောသည် ရေခဲလွှမ်းသော တောင်ပိုင်းသမုဒ္ဒရာ သို့ သွားကြမည့် ပြင်သစ်ရေယာဉ် L'Astrolabe နှင့် ဩစတြေးလျ ရေယာဉ် Aurora Australis တို့ နှစ်စင်းထံမှ ခရီးစဉ်အတွင်း အကူ အညီတောင်းယူနိုင်မည် ဖြစ်သည်။

သုတေသနသင်္ဘောပေါ်ပါ သိပ္ပံ ပညာရှင်တို့သည် ရေခဲပြင်အတွင်း ပိတ်မိနေဆဲအခိုက်မှာပင် ၎င်းတို့၏ လေ့လာစူးစမ်းမှုများကို ဆက်လက်လုပ် ဆောင်နေဆဲဖြစ်သည်။ ဩစတြေးလျ အန္တာတိကလေ့လာရေး ခရီးသွားအဖွဲ့ သည် ပြီးခဲ့သည့် ဆယ်စုနှစ်က Mo- wson အဖွဲ့ သွားရောက်စဉ်ကယင်း ဒေသရှိသဘာဝပတ်ဝန်းကျင် အပြောင်း အလဲကို ထပ်မံလေ့လာရန် သွား ရောက်ကြခြင်းဖြစ်သည်။ **(ဘီဘီစီ)**

PRIVATE HIGH SCHOOL
ဆရာ ဦးသန်းစိန်
ကိုယ်တိုင်အုပ်ချုပ်သင်ကြားသော
လူငယ်ဘက်စုံထူးချွန်ရေး
ကိုယ်ပိုင်အထက်တန်းကျောင်း
နှင့်
အဆင့်မြင့်ဘော်ဒါ
သင်တန်းစာသင်နေရာ
ဆရာဖြစ်လျှောက်ထားသူများ
31.12.2013 နေ့လည်(12:00)
လူတွေ့ သင်ကြားမှု စစ်ဆေးမည်။
တန်းစုံ-Private ကြေး
Phone: 095100862, 0945001469?, 09 420206123, 0973010830, 210501

# (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

**(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီက ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်နေလင်း၊ ကော်မတီဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Arts and Entertainment Group မှ တာဝန်ရှိသူများနှင့် Myanmar Computer Company မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပမည့် အစီအစဉ်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်တင်ဆက်မည့် ဖျော်ဖြေရေးအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကဲ့သို့ လူအင်အား၊ ငွေအင်အားများဖြင့် သုံးစွဲနိုင်မှုမရှိသော်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အသုံးပြုခဲ့သောမီးအလင်းရောင်စနစ်၊ အသံစနစ်၊ LED၊ Projector၊ ဇာတ်ခုံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆက်လက်ကူညီပေးမှုနှင့် ဖျော်ဖြေရေးအင်အား ၂၀၀၀ ကျော်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဖြင့် တင်ဆက်မှုအတွက် Myanmar Computer Company (MCC) ကို စေတနာဖြင့် တာဝန်ယူ ဆောင်ရွက်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၇**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းက ကြီးမှူး၍ စိန်မြင့်မိုရ်ကဖေးမိသားစု၏ အဓိကပံ့ပိုးကူညီမှုဖြင့် "စိန်မြင့်မိုရ် ဖလား" ဂိုးလတ်-ဂျူနီယာ လူသစ်တန်း နေ့ချင်းပြီးဘောလုံးပြိုင်ပွဲကို မန္တလေးချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၉ လမ်းနှင့် စံပယ်လမ်းထောင့်ရှိ တန်ဖိုးနည်းအိမ်ရာကွင်း၌ လွတ်လပ်ရေးနေ့ နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုဥပဒေကို ကျင့်သုံးကစားမည်ဖြစ်ပြီး ဒိုင်လူကြီးအဆုံးအဖြတ်သာ အတည်ပြုကာ ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ကစားသမား ခုနစ်ဦး၊ အရန်ကစားသမားသုံးဦး စုစုပေါင်း ၁၀ ဦး၊ စာရင်းနှင့်ကစားသမားတစ်ဦးသည် အသင်းတစ်သင်း၌သာ ပါဝင်ခွင့်ပြုထားပြီး တူညီဝတ်စုံဝတ်ဆင်၍ တရုတ်ကင်းဘတ်ဖိနပ်ဖြင့်သာ ကစားခွင့်ပြုပေးထားကာ ဘောလုံးကန်ဖိနပ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများအနေဖြင့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၉ လမ်းနှင့် စံပယ်လမ်းထောင့် တန်ဖိုးနည်းအိမ်ရာအနီးရှိ စိန်မြင့်မိုရ်ကဖေးသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# မဟာဗန္ဓုလပန်းခြံ နိုင်ငံခြားဧည့်သည်များပါ အခမဲ့ဝင်ခွင့်ပြု

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြို့လယ်ကောင် မဟာဗန္ဓုလပန်းခြံကြီးကို အဆင့်မြင့် မွမ်းမံပြင်ဆင်လိုက်ပြီးနောက် ပြည်တွင်းမှလာရောက်အပန်းဖြေသူများသာမက နိုင်ငံခြားဧည့်သည်များပါ အခမဲ့ဝင်ရောက်ခွင့်ပြုလိုက်ပြီဖြစ်သည်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များသာမက နေ့စဉ် တစ်နေကုန်စည်ကားလျက်ရှိလာသည့်အပြင် ဧည့်လမ်းညွှန်များအဖို့ မိမိဧည့်သည်အား ဝင်ကြေးမပေးရသော ပြစရာ၊ ပို့ပေးစရာ နေရာသစ်တစ်ခုအဖြစ် တိုးလာခဲ့ပြီဖြစ်သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# မော်တော်ယာဉ်ပါမစ်အလွှတ် လျှောက်ထားသူများပြား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၁၄ ခုနှစ်သို့ ကူးပြောင်းရန် နီးကပ်လာပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ် ပါမစ်ထုတ်ပေးရေးဌာနစိတ်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ် Free Permit များ လျှောက်ထားသူ တစ်နေ့လျှင် အစီး ၂၀၀ ကျော်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း လျှောက်ထားခြင်းအတွက် ၂၀၀၈ Model မှစ၍ တင်သွင်းခွင့်ရရှိမည်ဖြစ်ပြီး လာမည့် ၂၀၁၄ ခုနှစ်မှစ၍ ၂၀၀၉ Model များ စတင်လျှောက်ထား ရမည်ဖြစ်ကြောင်း သိရသည်။

**ထုတ်ပေးလျက်ရှိ**

အဆိုပါဌာနမှ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် 1350 CC အောက်ယာဉ်များ အပါအဝင် Saloon, Van, Truck, Mini Box Truck, EXTRA CAB/SPACE CAB, Light Truck, Mini Truck, FREEZER BOX TRUCK/ Box Truck, Pick up တို့ အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၃၁၉၅၇ စီးကို သွင်းကုန်ပါမစ် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၂၂၂ ဒသမ ၆၈၀ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနက ထုတ်ပြန်သောစာရင်းအရ သိရသည်။ **အေးကို**

# မိုးစပါးအထွက်နှုန်းလျော့နည်း၍ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများကို ပြန်လည်ပေးဆပ်ရန် တောင်သူများအခက်တွေ့နေ

**ခင်ဦး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကန်သစ်စံပြကျေးရွာသည် တောင်သူလယ်သမားပေါင်း ၅၀၀ ခန့်ရှိပြီး စိုက်ပျိုးမြေလယ်ဧကပေါင်း ၃၇၆၅ ဧကကို အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

**တင်သွင်းပေး**

ယခုနှစ် မိုးစပါးများကို စတင်ရိတ်သိမ်းလျက်ရှိရာ စပါးများသည် အဆစ်ပိုး(တံခွန်ဖြူ အဆန်မပါအဖျင်း) နှင့် ဖြုတ်ပိုးများကျရောက်မှုကြောင့် စပါးအထွက်နှုန်းသည် တစ်ဧကလျှင် ၂၅ တင်းခန့်သာ ထွက်ရှိကြောင်း၊ အဆစ်ပိုးဖြုတ်ပိုး ကျရောက်မှုကိုလည်း ဒီဇင်ဘာ ၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် သတင်းအဖြစ် ဖော်ပြပါရှိကြောင်း၊ တောင်သူအများဆုံး အားထားစိုက်ပျိုးသောစပါးမှာ ရွှေဘိုပေါ်ဆန်းမွှေး ဖြစ်ပါကြောင်း၊ မိုးစပါးများ အထွက်နှုန်းလျော့နည်းသည့်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူထားသော စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် အခက်အခဲဖြစ်ပြီး စိုးရိမ်ပူပန်နေကြကြောင်း၊ နိုင်ငံတော်အစိုးရက ၄င်းချေးငွေများကို ကာလတိုချေးငွေမဟုတ်ဘဲ ကာလရှည်ချေးငွေအဖြစ် တိုးမြှင့်သတ်မှတ်ပေးသင့်ပါကြောင်း စသည်တို့ကို ဖော်ပြထားသော တောင်သူများ၏ အသနားခံစာ သို့မဟုတ် အကြံပြုချက်ကို ကန်သစ်စံပြကျေးရွာမှ ဦးမြင့်ပါ တောင်သူ ၁၀ ဦးတို့က ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေထံမှတစ်ဆင့် မကြာမီကျင်းပမည့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းပေးပါရန် တင်ပြထားကြောင်း သိရသည်။

**ရောင်နီတင်ဝင်း**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အကြိုဂုဏ်ပြုဆောင်းပါး

# မသန်လည်းလူ၊ သန်လည်းလူ စွမ်းဆောင်မှုသာ အဓိက

ကြည်ထွန်း(လူမှုဝန်ထမ်း)

စိမ်းလန်း၊ သန့်ရှင်း၊ ချစ်ကြည်ခြင်းကို ပြည့်ဝစွာဖော်ကျူးပြသနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကား အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ။ ရွှေတံဆိပ် (၈၆)ခု၊ ငွေတံဆိပ်(၆၂)ခု၊ ကြေးတံဆိပ် (၈၅)ခု၊ စုစုပေါင်း ဆုတံဆိပ် (၂၃၃)ခုဖြင့် နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိအောင် မြန်မာအားကစားမောင်မယ်များက စွမ်းဆောင်ခဲ့ကြသည်။ ယခု ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင်မူ "အလှည့်ကျတော့ မခွဲ့ရ" ဆိုသည့်အတိုင်း မသန်စွမ်းအားကစားမောင်မယ်များက ဦးဦးဖျားဖျားအစွမ်းပြရမည့်အလှည့်သို့ ရောက်ရှိလာချေပြီ။

တန်းတူညီမျှမှု (Equalty)၊ စုစည်းညီညွတ်မှု(Unity)& ချစ်ကြည်ရင်းနှီးမှု (Friendship)ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်မှစ၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိသည်။ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသမိုင်းကို ပထမဆုံးအကြိမ် စတင်ကျင်းပခွင့်ရသော အားကစားပြိုင်ပွဲကြီးလည်းဖြစ်သည်။ မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပမှုသမိုင်းကို ပြန်ပြောင်းစေ့ငုကြည့်လျှင် ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅)ကြောင့် မသန်စွမ်းဖြစ်ခဲ့ရသော ဗြိတိသျှစစ်ပြန်ကြီးများက ၁၉၄၈ ခုနှစ်မှစ၍ ကမကထပြုခဲ့ကြောင်း သိရသည်။ ဤသို့ဖြင့် ၂၁ ရာစုအစောပိုင်းသို့ရောက်ရှိလာသည့်အခါ နိုင်ငံတကာအားကစားပြိုင်ပွဲများထဲတွင် ဒုတိယအကြီးမားဆုံး အားကစားပြိုင်ပွဲကြီးတစ်ရပ်ဖြစ်လာသည်။ မသန်စွမ်းအားကစားသမားများသည်လည်း သန်စွမ်းသောအားကစားသမားများနည်းတူ စွမ်းရည်ညီမျှအောင် ကြိုးပမ်းအားထုတ်သူများ ဖြစ်လာကြသည်။

မသန်စွမ်းအားကစားပြိုင်ပွဲ(Paralympic)ဟူသော ဝေါဟာရမှာ ဂရိဘာသာစကားမှ ဆင်းသက်လာခြင်းဖြစ်ပြီး အင်္ဂလိပ်ဝေါဟာရ "beside or alongside"တို့နှင့် အဓိပ္ပာယ်တူညီခြင်းကြောင့် အိုလံပစ်ပြိုင်ပွဲတွင်ပါဝင်သော အားကစားနည်းများကို ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ မသန်စွမ်းအားကစားပြိုင်ပွဲများကို ဆောင်းရာသီပြိုင်ပွဲနှင့်နွေရာသီပြိုင်ပွဲဟူ၍ ကျင်းပခဲ့ကြရာ ၁၉၈၈ ခုနှစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသောနွေရာသီအားကစားပြိုင်ပွဲမှစ၍ Paralympicဟူသောအမည်ကို တရားဝင်ခေါ်ဝေါ်ခြင်းဖြစ်သည်။ အားကစားပြိုင်ပွဲများအားလုံးကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အားကစားကော်မတီ(International Paralympic Committee-IPC)၏ ကြီးကြပ်မှုဖြင့် ကျင်းပမြဲဖြစ်သည်။

နွေရာသီ မသန်စွမ်းအားကစားပြိုင်ပွဲများကို လေးနှစ်တစ်ကြိမ်ကျင်းပသည်ဖြစ်ရာ ၁၉၉၂ ခုနှစ်တွင် စပိန်နိုင်ငံ၊ ၁၉၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ၂၀၀၀ ပြည့်နှစ်တွင် ဩစတြေးလျနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဂရိနိုင်ငံ၊ ၂၀၀၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ၂၀၁၂ ခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။ လာမည့် ၂၀၁၆ ခုနှစ်တွင်မူ ဘရာဇီးနိုင်ငံ၌ ကျင်းပမည်ဟုသိရသည်။ 2012 Landon Paralympic Games ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၆၆ နိုင်ငံမှ မသန်စွမ်းအားကစားသမား ၄၂၀၀တို့က အားကစားနည်း ၁၇ မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံမှ ဝင်းနိုင်(လုံ့တံပစ်)က နိုင်ငံအလိုက်အဆင့်(၁၃)နှင့် နိုင်စစ်အောင် (မီတာ ၅၀ လိပ်ပြာကူးနှင့် မီတာ ၁၀၀ ပက်လက်ကူး)က နိုင်ငံအလိုက်အဆင့်(၉) ရရှိခဲ့သည်။

ထို့အတူ ၁၉၇၄ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော် (The Far East & South Pacific Games For The Disabled-FESPIC)တွင်လည်း မြန်မာနိုင်ငံက အကြိမ်တိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များစွာ ရရှိခဲ့သည်။ အာဆီယံဒေသအတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်းမြင့်မားတိုးတက်စေရေး၊ ဒေသတွင်းချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ (ASEAN Para Sport Federation-APSF) ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ကာ နှစ်နှစ်တစ်ကြိမ်ကျင်းပမြဲဖြစ်သော အာဆီယံမသန်စွမ်းသူများ အားကစားပွဲတိုင်းတွင် ပါဝင်ဆင်နွှဲခဲ့သည်။ (၆)ကြိမ်မြောက်အာဆီယံအားကစားပြိုင်ပွဲအထိ လက်ခံကျင်းပခဲ့သော အိမ်ရှင်နိုင်ငံများနှင့် မြန်မာနိုင်ငံက မသန်စွမ်းအားကစားသမားများ၏ ဆုရရှိမှုအခြေအနေကို အောက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည်-

အထက်ပါဇယားအရ (၅)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲအထိ မြန်မာအားကစားအဖွဲ့ စုစုပေါင်းဆုတံဆိပ်ရရှိမှု အရေအတွက်က ပါဝင်ယှဉ်ပြိုင်သော အားကစားသမားအရေအတွက်ထက် သာလွန်နေသည်ကို တွေ့ရပါမည်။ မြန်မာအသင်းအနေဖြင့် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော စသည့်ပြိုင်ပွဲအမျိုးအစားအားလုံးတွင် ယှဉ်ပြိုင်မှုမပြုနိုင်သော်လည်း ပါဝင်ယှဉ်ပြိုင်နိုင်သည့် အားကစားအမျိုးအစားတိုင်းလိုလိုတွင် ဆုတံဆိပ်များရရှိအောင် ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့တွင်ကျင်းပခဲ့သည့်၂၀၁၁ခုနှစ် (၆)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပွဲကြီးတွင်မူ အားကစားနည်း ၁၁ မျိုးအနက် ၆ မျိုးကို အားကစားသမား ၃၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင် စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် ဘော်လီဘောပြိုင်ပွဲတို့၌ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၉ ခု၊ ကြေးတံဆိပ် ၁၄ ခု၊ စုစုပေါင်း ဆုတံဆိပ် ၃၄ ခု ရရှိကာ ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၆ နေရာကို ရရှိခဲ့သည်။ ခြုံငုံသုံးသပ်ကြည့်လျှင် ယှဉ်ပြိုင်သူဦးရေ ၂၀၀ ကျော်သော ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ယှဉ်ပြိုင်သူဦးရေ ၁၀၀ ကျော်သော မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ကဲ့သို့သော အင်အားကြီးမားသော အသင်းများကြားတွင် နိုင်ငံအလိုက် အဆင့် ၆ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှသည်။

မကြာမီကျင်းပတော့မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာအသင်းအဖို့ ကိုယ့်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်အားကစားကွင်း၊ ကိုယ့်ပရိသတ်ရှေ့၌ အင်ပြည့်အားပြည့် ပါဝင်ယှဉ်ပြိုင်အနိုင်ကြိုးရမည့် ပွဲကြီးဖြစ်သည်။ အုပ်ချုပ်သူနည်းပြအပါအဝင် မသန်စွမ်းအားကစားသမား ၂၇၀ တို့က ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော စသည့် အားကစားနည်း ခုနစ်မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။ ပြိုင်ပွဲဝင်အားကစားသမား ပိုမိုလာသည်နှင့်အမျှ ယခင် (၆)ကြိမ်ကထက် စံချိန်ကျိုးအောင် မြန်မြန်ပြေး၊ ဝေးဝေးပစ်၊ မြင့်မြင့်ခုန်၊ မြန်မြန်ကူးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

"မသန်လည်းလူ၊ သန်လည်းလူ စွမ်းဆောင်မှုသာအဓိက" ဖြစ်ပေရာ ရှေးယခင်ကတည်းက "မသန်မစွမ်း" ဟူ၍ နှုတ်ကျိုးနေသည့်အခေါ်အဝေါ် အသုံးအနှုန်းကို လုံးဝခေါ်ဝေါ်သုံးစွဲခြင်းမပြုကြဘဲ ပိုနေသည့်"မ" တစ်လုံးကိုဖြုတ်ကာ "မသန်စွမ်း"ဟုသာ ခေါ်ဝေါ်ပြောဆိုကြရန် အနူးအညွတ်မေတ္တာရပ်ခံလိုပါသည်။ မသန်စွမ်းအားကစားမောင်မယ်များကလည်း " မသန်သော်လည်း စွမ်းပါသည် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်" ဟူသော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပြိုင်ဘက်များအပေါ် ရေကုန်ရေခန်း ကြိုးစားယှဉ်ပြိုင်ကြဖို့လိုသည်။ ပြိုင်ပွဲအမျိုးအစားတိုင်းတွင် ထည်ထည်ဝါဝါ ဝံ့ဝံ့စားစား ယှဉ်ပြိုင်အနိုင်ယူကြရပေမည်။ ပွဲစဉ်တိုင်းနိုင်ငံတော်သီချင်းကို သံပြိုင်သီကျူးကာ ကိုယ့်နိုင်ငံ၏ အလံတိုင်ထိပ်ကို လွှင့်ထူနိုင်အောင် ကြိုးပမ်းကြရမည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်းက "လာမည့်နှစ်ဦးတွင် ကျင်းပတော့မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှ အားကစားသမားမောင်မယ်များအတွက်လည်း အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးကြရန်" တိုက်တွန်းနှိုးဆော်ထားပါသည်။ သို့ဖြစ်ရာ တန်းတူညီမျှမှု၊ စုစည်းညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို အပြည့်အဝဖော်ဆောင် ကျင်းပတော့မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံမသန်စွမ်းအားကစားအသင်း အောင်ပွဲဆင်နိုင်ရေးအတွက် မိဘပြည်သူတစ်ရပ်လုံးက စာနာဆပ္ပား အလေးထားကာ တစ်ခဲနက်အားပေးချီးမြှောက်ကြပါစို့။ ။

| | ကျင်းပသည့် ခုနှစ် | အိမ်ရှင် နိုင်ငံ | ကျင်းပ သည့်မြို့ | မြန်မာ အားကစားသမား | ဆုတံဆိပ်ရရှိမှု | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | | | ရွှေ | ငွေ | ကြေး | |
| ၁ | ၂၀၀၁ | မလေးရှား | ကွာလာလမ်ပူ | ၃၁ | ၄၁ | ၂၂ | ၁၂ | ၇၅ |
| ၂ | ၂၀၀၃ | ဗီယက်နမ် | ဟနွိုင်း | ၂၆ | ၂၄ | ၁၂ | ၁၁ | ၄၇ |
| ၃ | ၂၀၀၅ | ဖိလစ်ပိုင် | မနီလာ | ၂၂ | ၂၉ | ၁၃ | ၄ | ၄၆ |
| ၄ | ၂၀၀၈ | ထိုင်း | နာကွန်ရာချာဆီးမား | ၂၅ | ၁၄ | ၁၆ | ၂၁ | ၅၁ |
| ၅ | ၂၀၀၉ | မလေးရှား | ကွာလာလမ်ပူ | ၂၅ | ၁၄ | ၁၉ | ၇ | ၄၀ |
| ၆ | ၂၀၁၁ | အင်ဒိုနီးရှား | ဆိုလို | ၃၆ | ၁၁ | ၉ | ၁၄ | ၃၄ |

## သန်းခေါင်စာရင်းလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကန်ပက်လက် ဒီဇင်ဘာ ၂၇**

ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ် သန်းခေါင်စာရင်းကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကန်ပက်လက်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးစိုးပိုင်မြင့်က ချင်းပြည်နယ်အတွင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အောင်မြင်ရေးအတွက် ကော်မတီအဆင့်ဆင့်က တာဝန်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များ၊ အထောက်အကူပြုအဖွဲ့များဖွဲ့စည်းမည့် အခြေအနေများနှင့် လုပ်ငန်းအသေးစိတ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲနှင့်ဆွေးနွေးပွဲကို ကန်ပက်လက်မြို့နယ် ကန့်သာရုံအုပ်စု ဆော်လောင်းကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ၂၀၁၄ ခုနှစ် မတ်လ ၃၀ရက်မှ ဧပြီလ ၁၀ ရက်အထိ ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့် ပတ်သက်၍ တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး ဒေသခံချင်းတိုင်းရင်းသားကျေးရွာသူ ကျေးရွာသားများက ယခုကဲ့သို့ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ သိရှိရသည့်အတွက် ဝမ်းသာလျက်ရှိကြသည်။

အလားတူ ဒီဇင်ဘာ ၂၀ ရက်ကလည်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို ကန်ပက်လက်မြို့နယ် ကန့်သာရုံအုပ်စု ပါကွန်းကျေးရွာ မူလတန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မွေးမြူရေးခြံများ၌ ပိုးသတ်ဆေးအခမဲ့ဖျန်းပေး

**ဗန်းမော် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ကိုမြင့်နှင့် မိုးမောက်မြို့နယ် ဦးစီးမှူး ဒေါက်တာ ဗိုလ်ဗိုလ်ထွေးတို့သည် ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ တိမ်းတော်ကျေးရွာသို့ ရောက်ရှိကြပြီး တိရစ္ဆာန်ရောဂါကုသခြင်း၊ ထိန်းချုပ်ခြင်း၊ အသိပညာပေးဟောပြောခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက တိမ်းတော်ကျေးရွာ ဓမ္မာရုံ၌ တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးနှင့် တွေ့ဆုံ၍ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသခြင်း၊ ထိန်းချုပ်ခြင်း၊ အသိပညာပေးဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်ညတွင် တိရစ္ဆာန်ကျန်းမာရေးအတွက် ကာကွယ်ကုသမှုလုပ်ငန်းများ၊ ခေတ်မီမွေးမြူရေးနည်းစနစ်များဖြင့် မွေးမြူကြရန်အကြံပေးဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ကြပြီး မွေးမြူရေးခြံများကို ခြံဖျန်းပိုးသတ်ဆေးများ အခမဲ့ဖျန်းပေးခဲ့ကြကြောင်း သိရသည်။ **ဆီမီးခုံ(နန်းရီ)**

## ငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြကွက်တွင် ကွင်းသရုပ်ပြ

**မင်းလှ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရုံးရပ် (မြောက်ပိုင်း) ကွင်းအမှတ် (၈၄၀ )ဦးပိုင်အမှတ် ၉၀ တောင်သူဦးမြင့်ကို၏ မိုးနှောင်းချည်မျှင်ချည်ဝါ ငွေချည်(၆) မျိုးသန့်မျိုးပွား (GAP) စံပြ ၅ ဧက စိုက်ခင်းတွင် စက်မှုဖွံ့ဖြိုးရေးဌာနက ကြီးမှူး၍ တောင်သူများအား ပညာပေးကွင်းဆင်းသရုပ်ပြပွဲပြသခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ငွေချည် (၆)ဝါ တစ်ဧကပိဿာ ၁၀၀၀ နှင့်အထက် ထွက်ရှိအောင် စိုက်ပျိုးထားရှိမှု၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် သော့ချက် ၁၀ ချက်အတိုင်း လိုက်နာစိုက်ပျိုးထားရှိမှု မျိုးစေ့အဆင့်အတန်း မျိုးရောကာကွယ်ရေး၊ နယ်နိမိတ်သတ်မှတ်ရေးဌာနမှ သွေးသစ်လောင်းမျိုးစေ့များဖြင့် ကျေးရွာအုပ်စုအလိုက် မျိုးသန့်ဇုန် ထူထောင်ရေးနှင့် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ် ဇုန်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(စက်မှုသီးနှံ)**

ပြည်တွင်းသတင်း

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမ၌ ထူးချွန်ဆုရ သင်တန်းသားများနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် စာပေဌာန တစ်ထပ်စာသင်ဆောင်ရှိ ကျောင်းပြခန်းနှင့် လက်တွေ့ခန်းများအား လည်းကောင်း **(ယာပုံ)**၊ သင်တန်းသားစားရိပ်သာရှိ စားချက်ဆောင်အား လည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးတို့ လိုက်ပါလျက် ရန်ကုန်မြို့ရှိ မြဝတီစာပေတိုက်နှင့် မြဝတီသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ) တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြဝတီစာပေတိုက် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက စာပေတိုက်၊ သတင်းစာတိုက်တို့၏ ဦး၊ ရေး၊ ထောက်ဆိုင်ရာကိစ္စရပ်များနှင့် ပုံနှိပ်ထုတ်ဝေမှုဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သိရှိလိုသည်များမေးမြန်းပြီး ထုတ်လုပ်ဖြန့်ချိမှု ပိုမိုတိုးတက်ရေး ညွှန်ကြားပေါင်းစပ်ပေးသည်။

ထို့နောက် မြဝတီစာပေတိုက် အတွင်းရှိ စာကြည့်တိုက်၊ စာအုပ်၊ စာစောင်နှင့် မဂ္ဂဇင်းများထုတ်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် မြဝတီသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ)သို့ သွားရောက်၍ သတင်းစာရိုက်နှိပ်ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသမှုအပေါ် လိုအပ်ချက်များကို အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်္ဂလာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းဆင်းသူနာပြုများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့က ကျောင်းဆင်းသူနာပြုများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(ဝဲပုံ)**

**ညစာသုံးဆောင်**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❖ ***ကျောဖုံးမှ***

ဝဲယာခြေထောက် မီးလောင်ဒဏ်ရာ၊ ယာဘက်ရင်အုံ မီးလောင်ဒဏ်ရာများရရှိပြီး လင်းဦး (၂၄ နှစ်) သဘော်လုပ်သား သိမ်တိုင်ကျေးရွာ မြင်းခြံမြို့နေသူမှာ ဝဲယာခြေထောက်နာကျင်လှုပ်မရ၊ ဝဲဘက်ပါးပြင်နာကျင်၊ ဦးခေါင်းဆံပင် မီးလောင်ခဲ့သည်။ မသီရိဇော် (၆ နှစ်) ရတနာပုံသဘော်ကျင်း စိန်ပန်းရပ်နေသူမှာ ယာဒူးပွန်းပဲ့ပေါက်ပြဲ၊ ဝဲဘက်ခြေသလုံးဖူးရောင် ဝဲဘက်တံကောက်ကွေးပွန်းပဲ့ဒဏ်ရာများရရှိကာ မစိုးရိမ်ရကြောင်းနှင့် ဂဟေဆော်ရာတွင် ပါဝင်သည့် အလုပ်သမား အာနိုးမှာ ပျောက်ဆုံးလျက်ရှိပြီး ရှာဖွေဆဲ၊ သဘော်လုပ်သားများအနက် ဖိုးတာ၊ အောင်ကိုထက်နှင့် နေရှောင်တို့ကို ဒဏ်ရာရရှိခြင်းမရှိဘဲ ပြန်လည်ရှာတွေ့ခဲ့ပြီး ကျော်ဆန်းဝင်း၊ ဇော်ဇော်ချစ်ကို၊ ညိုလင်း၊ အောင်ကျော်မိုးတို့မှာ ဂဟေဆော်လုပ်ငန်း လုပ်ကိုင်စဉ်ကပင် အပြင်သို့သွားလာနေကြောင်း၊ ပြန်လည်ရောက်ရှိလာခြင်းမရှိသေးသဖြင့် ရှာဖွေလျက်ရှိကြောင်းနှင့် ရေယာဉ်အုပ်ဦးသန်းနိုင်(၃၈ နှစ်) အောင်ချမ်းသာရပ် အမရပူရ မြစ်ငယ်မြို့နေသူအပေါ် သက်ဆိုင်ရာက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**မိုးလေဝသအခြေအနေ**

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့** အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။




ပြည်တွင်းသတင်း

# ပြောင်းလဲတိုးတက်နေသည့်သူနာပြုနှင့်ဆေးဘက်ပညာရပ်များကို ကျွမ်းကျင်မှုရှိအောင်လေ့ကျင့်ကာ လက်တွေ့နယ်ပယ်တွင်အသုံးချဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း တက်ရောက် မိန့်ခွန်းပြောကြားသည်။



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းတပ်ခွဲများ၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။** (မြဝတီ)

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်္ဂလာဒုံ တပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းသည် သင်တန်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးသီရိပျံချီစိုးဝင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ်(၁၁) မှအကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ် (၃၁၁၁) သင်တန်းသား ရဲရင့်အောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၃၀၆၄) သင်တန်းသား တိုင်းဇော်ထွေး၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ် (၃၀၄၆) သင်တန်းသား စမျိုးသန့်တို့ကို ဆုများအသီးသီး ချီးမြှင့်သည်။

ဆက်လက်၍ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းက သင်တန်းဆင်းသင်တန်းသားများအား မိန့်ခွန်းပြောကြားရာတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို စွမ်းရည်သုံးရပ်နှင့် ပြည့်စုံပြီး ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် ပြည်ထောင်စုတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်စစ်သည်များ လေ့ကျင့်မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ဒီတက္ကသိုလ်ကနေပြီး စစ်ပညာရပ်တွေနှင့်ပတ်သက်လို့ တပ်စုမှူးအဆင့်အထိ သင်ကြားပေးပြီး စစ်မြေပြင်တွင် ခြေလျင်တပ်စုတစ်စုကို ဦးဆောင်တိုက်ပွဲဝင်နိုင်အောင်လည်း လေ့ကျင့်သင်ကြားပေးခဲ့သကဲ့သို့ စာပေပညာရပ်နှင့်ပတ်သက်လျှင်လည်း အရပ်ဘက်သူနာပြုတက္ကသိုလ်ဆင်း ပညာသည်များနှင့် တတ်မြောက်မှုချင်း တန်းတူဖြစ်အောင် သက်ဆိုင်ရာပါမောက္ခ၊ ဆရာ/ဆရာမများနှင့် နည်းပြများက သင်ကြားပေးခဲ့ကြပြီး ဖြစ်ကြောင်း၊ အထူးပြု ပညာရပ်များအနေဖြင့် သူနာပြုသိပ္ပံတွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံတွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာတွဲ့ (ဓာတ်ခွဲနည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာတွဲ့(ဓာတ်မှန်နဲ့ ပုံရိပ်ဖော်နည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာတွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) စသည့်တွဲ့များကို နိုင်ငံတကာ တက္ကသိုလ်စံနှုန်းများနှင့်အညီ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထူးချွန်သည့် စစ်သည်များသည် ဘာသာရပ်အလိုက် မဟာတွဲ့၊ ပါရဂူတွဲ့များအထိ ဆက်လက်ဆည်းပူးခွင့်ရကြဦးမည် ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရန် လိုကြောင်း၊ ဒီနေရာတွင် **"ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်"** ဆိုသည့်အတိုင်း ကျန်းမာသန်စွမ်းပါမှ နိုင်ငံတော်အပေါ် ကျရောက်လာမည့် ရန်စွယ်ဟူသမျှကို ချေမှုန်းနိုင်မှာဖြစ်ပြီး တိုက်စွမ်းအားကိုလည်း အပြည့်အဝ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးနှင့် ကြံ့ခိုင်ရေးအမြဲတမ်းကောင်းမွန်နေရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုတင် အကာအကွယ်ပေးခြင်းလုပ်ငန်းနှင့် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများသည် အဓိကလုပ်ငန်း တာဝန်ဖြစ်သကဲ့သို့ ပြည်သူက ပေါက်ဖွားလာသည့် ပြည်သူ့ တပ်မတော်သားများပီပီ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း တစ်ဖက်တစ်လမ်းက ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေငလျင်၊ ပခုက္ကူရေဘေး၊ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာ အရေးအခင်းစသည့် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်တွင် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခဲ့တိုင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ဝေးလံခက်ခဲသည့် နေရာဒေသများအထိ သွားရောက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုများ ပေးခဲ့ကြသကဲ့သို့ နယ်စွန်နယ်ဖျားဒေသများတွင်လည်း တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များဖြင့် ပြည်သူများ၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိသည်ကိုလည်း အသိပေးလိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တိုင်းပြည်အပေါ် ကျရောက်လာသည့် မည်သည့်ဘေးဒုက္ခမျိုးကိုမဆို ကာကွယ်စောင့်ရှောက်သည့် မွန်မြတ်သော အစဉ်အလာပင်ဖြစ်ကြောင်း။

တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော်ရှိသည့် မိမိတို့နိုင်ငံတွင် နေရာဒေသ အသီးသီးများတွင် တာဝန်ထမ်းဆောင်ရာ၌ တိုင်းရင်းသားလူမျိုးစု အသီးသီးနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ရောက်ရာဒေသ အသီးသီးတွင် တွေ့ဆုံရမည့်ဒေသခံ တိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ဂရုပြုဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ နယ်မြေအနေအထား ဝေးကွာမှု၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲမှု၊ ဘာသာစကားကွဲပြားခြားနားမှုများကြောင့် အမြင်မတူညီသည့် တိုင်းရင်းသားများကိုလည်း စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ရရှိအောင် တတ်ထားသည့်ပညာများနှင့် ကူညီစွမ်းဆောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

သမိုင်းကြောင်းအရ တပ်မတော်သည် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရုံသာမက မမျှော်လင့်ဘဲ ပေါ်ပေါက်လာတတ်သည့် ပြည်ပကျူးကျော်မှုမျိုးကိုလည်း ပြည်သူများနှင့်အတူ တစ်သားတည်းရှိပြီး ပူးပေါင်းချေမှုန်းနိုင်ရမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန်အတွက်ဆိုလျှင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လက်တွဲပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်နိုင်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့များ၏ စွမ်းဆောင်နိုင်မှုသည်လည်း တပ်ပြင် စည်းရုံးရေးတွင် အဓိကအထောက်အကူဖြစ်စေတာကိုလည်း သတိပြုကြရန် လိုအပ်ကြောင်း၊ စည်းရုံးရေးဆိုသည် ခဏတာ ဆောင်ရွက်၍မရဘဲ ထာဝရ ဆောင်ရွက်ရတာဖြစ်၍ ရောက်ရှိရာဒေသများတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရင်း ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ကို ခေတ်မီကာ စွမ်းရည်ရှိပြီးပြည်သူနှင့် တစ်သားတည်းဖြစ်အောင် လက်ဆင့်ကမ်း တည်ဆောက်ကြရာတွင် စွမ်းအားနှင့်အတတ်ပညာများကို တစ်ထောင့်တစ်နေရာက အသုံးချသွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ဆိုလျှင် စစ်ရေးနည်းလမ်းတစ်ခုတည်းသာမဟုတ်တော့ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်ဘက်ပေါင်းစုံက လုံခြုံမှုရှိအောင် လိုအပ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်တစ်ခုတည်းသာမကဘဲ အမြင်လေးမြင့်ပါရှိရန် လိုအပ်ကြောင်း၊ နိုင်ငံသားများနှင့် တပ်မတော်သားများလုံခြုံရေးအတွက် ကျန်းမာရေးဝန်ထမ်းများပီပီ ကျန်းမာရေးလုံခြုံမှုနှင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ကျန်းမာရေး ပညာပေးခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းများကိုပါ မိမိရောက်ရှိသည့်ဒေသများမှာ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ရောက်ရှိကြသည့်အခါ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ခါစ မိမိတို့နိုင်ငံကို ကမ္ဘာ့နိုင်ငံအချို့တွင် ကြုံတွေ့နေရသည့် အသွင်ကူးပြောင်းရေးကာလ မတည်ငြိမ်မှုများကို သင်ခန်းစာယူပြီး အေးချမ်းတည်ငြိမ်၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်အောင် တပ်မတော်က နိုင်ငံတော်နှင့်အတူ အကောင်အထည်ဖော်ဆောင်လျက်ရှိသကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးလုပ်ငန်းများတွင်လည်း အလေးထား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒီလို အကောင်ထည်ဖော်ရာတွင် တပ်မတော်အား ၁၀ ပါး ပြည့်စုံရေးနှင့် ဒီလို ပြည့်စုံရန် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့်စွမ်းရည်သုံးရပ် ပြည့်စုံမှုဆိုသည့် အခြေခံအရည်အချင်းငါးပါးကို ပြည့်ဝအောင် တစ်ဦးချင်းက အစ ကြိုးပမ်းသွားကြရန်လိုကြောင်း၊ ၂၀-၁၂-၂၀၁၃ ရက်နေ့ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅) ကျောင်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က မိန့်ကြားခဲ့သည်ကိုလည်း ထပ်မံပြီး အသိပေးမှာကြားလိုကြောင်း၊ ယခုလို ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲဘော်တို့သည်လည်း ပြည်သူ့တပ်မတော်သားများပီပီ တပ်မတော်၏ အက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ သာမက နယ်ဘက်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာရန် လိုသကဲ့သို့ စစ်သည်တော်ကျင့်ဝတ် ၆၀ ကိုလည်း ခါးဝတ်ပုဆိုးလို မြဲမြံအောင် လိုက်နာ ဆောင်ရွက်ကြရမည်၊ စစ်သည်တော် ကျင့်ဝတ်များကို လေးစားလိုက်နာခြင်းဖြင့် ပြည်သူကို စည်းရုံးပြီးသားဖြစ်သည် ဆိုတာကိုလည်း သိထားရန်လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်နှင့် ပတ်သက်၍လည်း မှာကြားလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးဟာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်ပြီး တပ်မတော် ဆေးတက္ကသိုလ် ကျောင်းဆင်းပွဲမှာပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်တစ်ရပ်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ် အရေးကြီးသည့် လုပ်ငန်းတွေဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားတွေအပေါ်ထားရှိသည့် နိုင်ငံတော်နှင့် တပ်မတော်၏ စိတ်ရင်းစေတနာမှန်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မည်ဟုလည်း ယုံကြည်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်တာနှင့်အမျှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ကျရာ ဒေသများတွင်

## ပြည်တွင်းသတင်း

တိုင်းရင်းသားများအပေါ် သွေးချင်းညီနောင်များ စိတ်ဓာတ်နှင့်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုကိစ္စရပ်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သည့် ကိစ္စရပ်များတွင် အလေးထားပါဝင် လုပ်ဆောင်သွားကြခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်း ဖော်ဆောင်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ မိန့်ကြားမှုကိုလည်း ထပ်မံ၍ အသိပေးလိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်ကို တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့ဖြင့် တည်ဆောက်ကြရာတွင် ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်အပ်သည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ပညာရပ်များကို အရည်အသွေးများ ပြည့်ဝပိုင်ဆိုင်လာအောင် ပြောင်းလဲတိုးတက်နေသည့် သူနာပြုနှင့် ဆေးဘက်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး ကျွမ်းကျင်မှုရှိအောင်လေ့ကျင့်ကာ လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင် အသုံးချ ဆောင်ရွက်သွားကြရမည်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီစိုးဝင်း အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ် (၃၁၁၁) သင်တန်းသား ရဲရင့်အောင်အား ဆုချီးမြှင့်စဉ်။ (မြဝတီ)

ဖြစ်ကြောင်း၊ တပ်မတော်သားများအတွက်သာမက မှီခိုသူ မိသားစုဝင်များ သက်သာချောင်ချိရေးအတွက် ရသင့်ရထိုက်သည့် ခံစားခွင့်များကို အချိန်မီ မှန်မှန်ကန်ကန်အပြည့်အဝ ရရှိအောင် ဆောင်ရွက်ပေးနိုင်ရမည်၊ ယခုလိုလေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးများ ပြည့်စုံပြီဆိုလျှင် စစ်သည်များ၏ စိတ်ဓာတ်သည်လည်း အလိုအလျောက် မြင့်မားတိုးတက်လာမှာပင်ဖြစ်ကြောင်း။

စစ်ပွဲတစ်ခု အောင်နိုင်ရေးအတွက် ခြေလျင်၊ ခြေမြန်တပ်တွေနှင့်သာမကဘဲ လက်ရုံးဝန်ထမ်းတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားသည် အထူးပင်လိုအပ်ကြောင်း၊ ယခုအချိန်တွင် တပ်မတော်သည် နိုင်ငံတကာ တပ်မတော်များနည်းတူ အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး တပ်မတော်သား တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ ကာယ၊ ဉာဏ၊ စွမ်းဆောင်ရည်များကို မြှင့်တင်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် တိုက်ခိုက်ရေးနှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ဝင် အားလုံး၏စွမ်းဆောင်ရည်များ ထက်မြက်ပြည့်ဝမှုရှိစေရေးကိုပါ ဟန်ချက်ညီအောင်ထိန်းကျောင်း တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း တစ်ယောက်ချင်းစီက ကိုယ်တိုင် ခံယူချက်ပြည့်ဝစွာနှင့် သတိရှေ့ဆောင်ပြီး မိမိကိုယ်မိမိ တည်ဆောက်သွားကြရန်လိုကြောင်း။

တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် **“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုသည့်အတိုင်း တပ်မတော်သားတွေနှင့် မိသားစုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စေတနာအပြည့်အဝထားဆောင်ရွက်ပေးကြရန် လိုကြောင်း၊ စစ်သည်များသည် ဝေးလံခေါင်ဖျားသည့်ဒေသများတွင်ပင်ပန်းဆင်းရဲခံကာ အသက်အန္တရာယ်နှင့်ရင်ဆိုင်ပြီး တာဝန်ထမ်းဆောင်ကြရသကဲ့သို့ သူတို့၏ မိသားစုများသည်လည်း ဝေးလံသည့်ဒေသများတွင်နေထိုင်ကြတာဖြစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်အခါ မိမိ၏ မိသားစုအရင်းများကဲ့သို့ သဘောထားပြီး ကြင်ကြင်နာနာနှင့် ဆက်ဆံဆောင်ရွက်ပေးကြရင်း မိမိတို့၏ အနာဂတ်ခရီးလမ်း လျှောက်လှမ်းရာတွင် စည်းကမ်းရှိပြီး တာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားကြမည်ဆိုလျှင် အနာဂတ်ခရီးတွင် အောင်မြင်မှုများက ငံ့လင့်နေတာကို မလွဲမသွေ ကြုံတွေ့ကြရမည်ဖြစ်ကြောင်း၊ ဒီနေရာတွင် ရာထူးဌာနန္တရနှင့် ပတ်သက်လျှင် ရခြင်း/မရခြင်းသည် ရဲဘော်တို့ ကိုယ်တိုင်ပစ္စုပ္ပန်ရော အနာဂတ်ကာလများတွင်ပါ မဆုတ်မနစ် ကြိုးစားရန်လိုသကဲ့သို့ အတိတ်ကာလ အကျိုးဆက်များ၏ ဆက်စပ်မှုများ အပေါ်တွင်လည်း မူတည်နေသည် ဆိုသည်ကိုလည်း မမေ့ကြရန်လိုကြောင်း၊ တပ်မတော်၏အဓိကတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သွားကြရန်၊ တပ်မတော်၏ တိုက်စွမ်းရည် မြင့်မားတိုးတက်ရေးအတွက် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုတာဝန်ကို အစွမ်းကုန်ကြိုးစား ထမ်းဆောင်သွားကြရန်၊ ရောက်ရှိရာ ဒေသများတွင် တပ်မတော်သား မိသားစုဝင်များကိုသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်ပါ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်၊ တပ်မတော်သား တစ်ယောက် လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ် ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန်၊ စစ်ပညာနှင့် ဆေးပညာကို ဆက်လက်လေ့လာဆည်းပူးရင်း နိုင်ငံတော်နှင့်တပ်မတော်၏ အဖိုးမဖြတ်နိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကျင့်ကြံကြိုးစားသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီစိုးဝင်းသည် သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

### ❐ *ကျောဖုံးမှ*

ထို့အပြင် ဗြိတိန်နိုင်ငံအခြေစိုက် All Leisure Group Plc လက်အောက်ရှိ Voyages of Discovery မှ ကမ္ဘာလှည့်ခရီးသည် ၃၆၅ ဦးနှင့် သင်္ဘောဝန်ထမ်း ၂၄၄ဦး တင်ဆောင်လာသော အပျော်စီးသင်္ဘော M.V Voyager သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိသည်။

အဆိုပါ သင်္ဘောကြီးပေါ်မှ ကမ္ဘာလှည့်ခရီးသည် အများစုသည် ဗြိတိသျှလူမျိုးများဖြစ်ပြီး ရန်ကုန်နေ့တစ်ဝက်လည်ပတ်ခြင်း၊ ပုဂံတစ်ညအိပ်နှစ်ရက်ခရီးစဉ်ကို လည်းကောင်း၊ ရွှေတိဂုံဘုရားသို့ ညနေခင်းလည်ပတ်ခြင်းခရီးစဉ်ကို လည်းကောင်း၊ ရန်ကုန်မြို့တွင်း တစ်နေ့တာလည်ပတ်ခြင်းခရီးစဉ်၊ ပဲခူး နေ့ချင်းပြန် ခရီးစဉ်တို့ကိုလည်းကောင်း၊ သန်လျင်နေ့တစ်ဝက်ခရီးစဉ်၊ သန်လျင်ဈေးလည်ပတ်ခြင်းနှင့် ကျိုက်ခေါက်ဘုရားသို့လည်ပတ်ခြင်းခရီးစဉ်၊ ကလေးဝဘုန်းကြီးကျောင်းတွင် ရှင်ပြုပွဲအားကြည့်ရှုခြင်း ခရီးစဉ်တို့ကိုလည်းကောင်း သွားရောက်လည်ပတ်ကြမည် ဖြစ်သည်။

ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါသင်္ဘောသည် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ခရီးဆက်လက်ထွက်ခွာမည်ဟု သိရသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် သမိုင်းတစ်လျှောက်တွင် ယခုကဲ့သို့ Passenger Cruises တစ်ရက်တည်း တစ်ချိန်တည်းနီးပါး ဆိုက်ကပ်ခြင်းသည် ပထမဦးဆုံးအကြိမ်လည်းဖြစ်သည်။ M.V Azamara Journey သင်္ဘောသည် Myanmar Voyages ၏ ၅၅ စင်းမြောက်သော Passenger Cruises လည်းဖြစ်ကြောင်း သိရသည်။

# ဝန်ထမ်းများအတွက် အားဆေးတစ်ခွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

**ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးတွင် လိုအပ်သောစက်ပစ္စည်းများ အချိန်မီရရှိအောင် ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ကျွမ်းကျင်သည့် နိုင်ငံခြားကုမ္ပဏီများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပသတင်းထောက်များ သတင်းရယူပေးပို့နိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့ပြီး ပြိုင်ပွဲကျင်းပစဉ်ကာလ၌လည်း ဒေသအသီးသီးတွင် ကျင်းပနေသော ပြိုင်ပွဲကျင်းပနေပုံများကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ သတင်းလွှာများအပြင် Internet Website နှင့် Facebook တို့မှလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးနိုင်ခဲ့သည်။ ထို့ပြင် လူအများစိတ်ဝင်စားသော အားကစားပြိုင်ပွဲများကိုလည်း ရုပ်မြင်သံကြားလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။**



**ဦးမျိုးမြင့်အောင်**
**(ညွှန်ကြားရေးမှူး-ရုပ်မြင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို အောင်မြင်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

ယခုကဲ့သို့ ပြုလုပ်ခြင်းမှာ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးတာဝန်များကို ရုပ်သံလွှင့်မီဒီယာ၊ ပုံနှိပ်မီဒီယာနှင့် အင်တာနက်မီဒီယာတို့မှတစ်ဆင့် ပြန်ကြားထုတ်လွှင့်ပေးခြင်း၊ ပြည်တွင်းပြည်ပမီဒီယာများ သတင်းရယူခွင့်နှင့် သတင်းဆက်သွယ်ပေးပို့မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညှိနှိုင်းစီစဉ်ပေးခြင်း၊ သတင်းထောက်များနှင့် အားကစားသမားများအတွက် ဆက်သွယ်ဆက်ဆံရေးအရာရှိများက ကူညီဆောင်ရွက်ပေးခြင်းတို့ကို အောင်မြင်အောင်ဆောင်ရွက်ပေးခဲ့ကြသော ဝန်ထမ်းများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော မီဒီယာအဖွဲ့အစည်းများကို မှတ်တမ်းတင်ဂုဏ်ပြုခြင်းဖြစ်ပြီး ဂုဏ်ပြုပွဲသို့ ဝန်ထမ်းပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပစဉ်ကာလတစ်လျှောက် ပြန်ကြားရေးဆိုင်ရာ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို တာဝန်ရှိသူများက အခုလို ရှင်းပြခဲ့ပါသည်-

**ဦးမျိုးမြင့်အောင် (ညွှန်ကြားရေးမှူး-ရုပ်မြင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

ဒီနေ့အခမ်းအနားက SEA Games မှာ ပြန်ကြားရေးဝန်ကြီးဌာန လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး လုပ်ငန်း ဆပ်ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေ အောင်မြင်အောင် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ဝန်ထမ်းတွေကို ချီးကျူးဂုဏ်ပြုတဲ့ပွဲဖြစ်ပါတယ်၊ ဒီလုပ်ငန်းတာဝန်တွေကို ကျွန်တော်တို့ဝန်ကြီးဌာနနဲ့အတူ မီဒီယာမိတ်ဖက်ဖြစ်တဲ့ Sky Net ရုပ်သံနဲ့ Forever Group ရုပ်သံလိုင်းတွေအားလုံး ပေါင်းစပ်ပြီး ဒီပြိုင်ပွဲကြီး အောင်မြင်ပြီးဆုံးသည်အထိ အတူလက်တွဲဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါကြောင့် အခုလိုဂုဏ်ပြုချီးမြှင့်တဲ့ပွဲမှာ ထည့်သွင်းခဲ့ခြင်း ဖြစ်ပါတယ်၊ အခုပွဲကလည်း ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်း မဟုတ်ပါဘူး။ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့တဲ့ မီဒီယာတွေကိုပါ ချီးမြှင့်တဲ့ပွဲဖြစ်ပါတယ်။

**ဦးအောင်ငွေ(ဒုတိယညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

အခုဆီးဂိမ်းပြိုင်ပွဲမတိုင်ခင် ၂၀၁၂ခုနှစ် ဇွန်လကစပြီး လုပ်ငန်းစီမံချက်တွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းရေးဆွဲပါတယ်၊ စီမံချက်အပေါ်မူတည်ပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် တာဝန်ထမ်းဆောင်ကြမယ့် ဓာတ်ပုံဆရာတွေ၊ ဆက်ဆံရေးအရာရှိတွေကို စတင်ပြီး သင်တန်းပေးပါတယ်၊ သင်တန်းတွေကိုတော့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ သုံးနေရာခွဲပြီး သင်တန်းပေးပါတယ်၊ ၎င်းသင်တန်းတွေထဲကနေ ထပ်မံရွေးချယ်တဲ့အခါမှာ ဓာတ်ပုံရိုက်ကူးရေးအတွက် ၅၄ ဦးကို ရွေးထုတ်ပြီး ပြိုင်ပွဲကျင်းပမယ့် နေရာလေးခုမှာ တာဝန်ချထားခဲ့ပါတယ်၊ အလားတူ ဆက်ဆံရေးအရာရှိ ၄၀ ကို ရွေးချယ်ပြီး မီဒီယာသမားတွေနဲ့ ပွဲကြည့်ပရိသတ်တွေအတွက် ဆက်ဆံရေး အရာရှိလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်အောင် နေရာလေးခုမှာ ဖြန့်ခွဲတာဝန်ချထားပေးခဲ့ပါတယ်၊ ဒါ့အပြင် ဝန်ကြီးဌာနက လွှင့်တင်ထားတဲ့ အင်တာနက်စာမျက်နှာမှာလည်း ဆီးဂိမ်းပြိုင်ပွဲသတင်းတွေနဲ့ ဓာတ်ပုံတွေကို အချိန်နဲ့တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။



**ဦးအောင်ငွေ**
**(ဒုတိယညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန)**

**ဦးမျိုးမြင့်သောင်း(ဒုတိယညွှန်ကြားရေးမှူး-သတင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

ကျွန်တော်တို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ အပိုင်းနှစ်ပိုင်းခွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပထမအပိုင်းက ပုံနှိပ်မီဒီယာအပိုင်းပါ၊ ပုံနှိပ်မီဒီယာအပိုင်းအနေနဲ့ ကျွန်တော်တို့ဌာနမှာရှိတဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာသုံးစောင်မှာ ဆီးဂိမ်းအကြို၊ ဆီးဂိမ်းပြိုင်ပွဲကာလနဲ့ ပြိုင်ပွဲပြီးဆုံးသည်အထိ အားကစားပြိုင်ပွဲသတင်းများနဲ့ လူထုစည်းရုံးလှုံ့ဆော်ရေးသတင်းဆောင်းပါးတွေကို အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးခဲ့ပါတယ်၊ ဒါ့အပြင် ဆီးဂိမ်းသတင်းလွှာကိုလည်း မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ နေ့စဉ်ထုတ်ဝေဖြန့်ချိပေးခဲ့ပါတယ်၊ ဒုတိယပိုင်းအနေနဲ့ Main Press Center ဖွင့်လှစ်ပြီး ပြည်တွင်း၊ ပြည်ပသတင်းထောက်တွေ သတင်းနှင့်ဓာတ်ပုံ ရယူဆောင်ရွက်နိုင်ဖို့၊ အင်တာနက်အသုံးပြုပေးပို့နိုင်ဖို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါအခမ်းအနား၌ ဒုတိယဝန်ကြီးဦးပိုက်ထွေးက “ဝန်ထမ်းများအနေနဲ့ စက်ပစ္စည်းကိရိယာအသစ်များနှင့်နည်းပညာအသစ်အဆန်းတွေကို နိုင်ငံခြားသားပညာရှင်တွေနဲ့အတူ ကျွမ်းကျွမ်းကျင်ကျင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်၊ လုပ်ငန်းတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ရုံသာမက ခေတ်မီနည်းပညာအသုံးပြုမှု အတွေ့အကြုံသစ်တွေရရှိတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေဖြစ်ပါတယ်၊ တွေ့ကြုံရတဲ့အခက်အခဲတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး အကောင်းဆုံးနှင့်အောင်မြင်အောင် လုပ်ဆောင်ခဲ့ကြတဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူပါတယ်၊ ယခုအတွေ့အကြုံတွေဟာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဆောင်ရွက်သွားမယ့် ထိပ်သီးအစည်းအဝေးကြီးတွေအပါအဝင် အစည်းအဝေးတွေနဲ့ အခမ်းအနားတွေအတွက် အထောက်အကူဖြစ်စေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေဖြစ်ပြီး ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးလုပ်ငန်းတွေကို အခုလိုပဲ အောင်မြင်မှုရရှိသည်အထိ တာဝန်ကျေပွန်စွာဆောင်ရွက်ပေးနိုင်ကြပါစေ”ဟု တိုက်တွန်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ၊ ရွှေသံလွင်မီဒီယာဂရု(ပ်)နှင့် Forever Group တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများပေးအပ်ခဲ့ပါသည်။

ဂုဏ်ပြုပွဲပြုလုပ်ပေးမှုနှင့်ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်/သံကျွမ်းကျင်(၁) ဦးကျော်မျိုးဝင်းက “ဆီးဂိမ်းပြိုင်ပွဲကာလက မဏိရတနာကျောက်စိမ်းခန်းမမှာ ဖွင့်လှစ်ထားတဲ့ International Broadcast Center (IBC) မှာ သတင်းအယ်ဒီတာတာဝန်နဲ့ တိုက်ရိုက်ထုတ်လွှင့်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး ကြိုးစားခဲ့ပါတယ်။ လုပ်ငန်းမှာ ပျော်ရွှင်ခဲ့ရတဲ့အချိန်တွေရှိသလို အခက်အခဲတွေ့ခဲ့ရတဲ့ အချိန်တွေလည်း ရှိပါတယ်။ ဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးတဲ့နောက်မှာ အခုလိုဂုဏ်ပြုပွဲကျင်းပပေးတာဟာ ဝန်ထမ်းတွေ စိတ်ပျော်ရွှင်မှုရရှိအောင်နဲ့ နောက်ထပ်လုပ်ငန်းတွေအတွက် အားအင်တွေရရှိအောင် ထပ်ပြီး မွေးဖွားပေးလိုက်တယ်လို့ ခံစားရပါတယ်။ ဝန်ထမ်းတွေအနေနဲ့ အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်” ဟု ပြောပြခဲ့သည်။

အလားတူ “ကျွန်မကတော့ သတင်းဗဟိုဌာန (Main Press Center -MPC)မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပမီဒီယာသမားတွေအတွက် အခက်အခဲအမျိုးမျိုးကြားက ဝန်ဆောင်မှုလုပ်ငန်းတွေကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အခုလို ကျွန်မတို့ရဲ့ ကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့အပေါ် အသိအမှတ်ပြုပြီး ဂုဏ်ပြုပွဲပြုလုပ်ပေးတဲ့အတွက် ဝန်ထမ်းတွေအနေနဲ့ မောပန်းခဲ့ရတာတွေပြေပျောက်ပြီး ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်နေကြပါတယ်။ အားအင်တွေပြန်ပြည့်လာသလို ခံစားရတဲ့အတွက် ဆက်ပြီးတော့ အစွမ်းကုန်ကြိုးစားသွားမှာပါ ”ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ လက်ထောက်မန်နေဂျာ (မှတ်တမ်း) ဒေါ်တင်မာဝင်းက ပြောပြခဲ့သည်။

မြန်မာနိုင်ငံ၏ ခေတ်သစ်၊ စနစ်သစ်ကာလတွင် နိုင်ငံတကာနှင့်သက်ဆိုင်သည့် ပြိုင်ပွဲများ၊ အစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ခဲ့ပြီဖြစ်ရာ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအတွက် အတွေ့အကြုံအသစ်များရရှိခဲ့သည်မှာ ဧကန်မလွဲပင်ဖြစ်သကဲ့သို့ အခက်အခဲအမျိုးမျိုးနှင့်လည်း တွေ့ကြုံရင်ဆိုင်ကျော်လွှားခဲ့ကြရပါသည်။

ဆက်လက်၍လည်း ထိုထိုကဲ့သို့သောတာဝန်များကို ထမ်းဆောင်ကြရဦးမည်ဖြစ်ရာ ယခုကဲ့သို့ ဂုဏ်ပြုပွဲပြုလုပ်ပေးလိုက်ခြင်းသည် ဝန်ထမ်းများအတွက် အမောပြေစေပြီး ထပ်မံရောက်ရှိလာမည့် တာဝန်များကို ထမ်းဆောင်ရန်တွန်းအားတစ်ရပ်ဖြစ်စေသကဲ့သို့ အားဆေးတစ်ခွက်တိုက်ကျွေးလိုက်ခြင်းလည်း ဖြစ်ပါသည်ဟု နားလည်ခံယူမိပါကြောင်း တင်ပြလိုက်ရပါသည်။

**သူရဇော် (သတင်းစဉ်)**

# သတင်းဆောင်းပါးနှင့်ကြော်ငြာ

● ကျော်ဖုံးမှ

**ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူး (သုတေသန၊ ဖွံ့ဖြိုးရေး တိုင်းရင်းဆေးပညာဦးစီးဌာန)**

မြန်မာ့တိုင်းရင်းဆေး ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ ပညာရပ်ဆိုင်ရာကိစ္စတွေ၊ ရှေးဟောင်းဆေးကျမ်းပေ၊ ပုရပိုက်တွေ ရှာဖွေဖော်ထုတ်ပြီး ကုသရေးတွေမှာ အသုံးချနိုင်ရေး၊ အာဆီယံမိတ်ဖက်နိုင်ငံများနဲ့ တိုင်းရင်းဆေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နေသည့်အချက်များ၊ တိုင်းရင်းဆေးနဲ့ ကျန်းမာရေးစောင့်ရှောက်ကြရာမှာ ဆေးဆရာအချင်းချင်း ညီညွတ်စွာ ဆောင်ရွက်နိုင်ကြရေး၊ တိုင်းရင်းဆေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ကျေးလက်အောက်ခြေထိ ရောက်ရှိအောင် ဆောင်ရွက်ရေးစတဲ့ အဆိုပြုချက်တွေနဲ့ ထောက်ခံတင်ပြချက်တွေကို ဒီညီလာခံကညှိနှိုင်းအဖြေရှာ ဆွေးနွေးကြတာဖြစ်ပါတယ်။

**ဦးဝထွန်း၊ တိုင်းရင်းဆေးကောင်စီဝင်**

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ (၁၄)ကြိမ်လုံး တက်ဖြစ်ပါတယ်။ တိုင်းရင်းဆေးကဏ္ဍဟာလည်း အတော်လေးဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရပါတယ်။ ဆေးဝါးထုတ်လုပ်မှုအပိုင်း၊ ကုသမှုအပိုင်း၊ ပညာရှင်မွေးထုတ်မှုအပိုင်း စတဲ့ ကဏ္ဍတွေမှာ တိုးတက်လာတာကို တွေ့ရပါတယ်။ ယနေ့ ခေတ်ကာလဟာ အာဆီယံစံချိန်စံညွှန်းတွေနဲ့အညီ လိုက်နာရမှာဖြစ်တဲ့အတွက် ဆေးစွမ်းအာနိသင်အပိုင်းမှာ အဆင့်အတန်းမီသလို ထုတ်လုပ်မှု၊ ထုပ်ပိုးမှုအပိုင်းတွေကိုလည်း အဆင့်မီအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။



ဦးကြည်လင်း

**ဒေါ်ရင်ရင်တင့် ဖွဲ့ရတနာဆေးတိုက်**

အာဆီယံနိုင်ငံများရဲ့ တိုင်းရင်းဆေးများနဲ့ လိုက်လျောညီထွေဖြစ်မယ့် စံချိန်စံညွှန်းများ၊ စနစ်တကျရှိပြီး ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နဲ့အညီထုတ်လုပ်တဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ပေါ်ပေါက်ရေးအတွက် ကျွန်မတို့တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအနေနဲ့ ဘေးထွက်ဆိုးကျိုးကင်းပြီး အာနိသင်ထက်မြက်တဲ့ ဆေးဝါးများထုတ်လုပ်နိုင်ရေး ဝိုင်းဝန်း



ဒေါ်ရင်ရင်တင့်

ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဖွဲ့ရတနာဆေးတိုက်ကထုတ်လုပ်တဲ့ အာရုံကြောဆေးနှင့် တကွ ဆေးဝါးမျိုးစုံကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

**ဦးကြည်လင်း စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

မြန်မာ့တိုင်းရင်းဆေးကို သမားစဉ်ဆက်လက်ဆင့်ကမ်း အမွေအနှစ်အဖြစ် ပြည်သူ့ကျန်းမာရေးအတွက် ဆေးဖက်ဝင် သစ်မြစ် သစ်ဉ၊ သစ်ဖု



ဒေါ်မိုးပြည့်ပြည့်ဖြိုး

စတဲ့ ဆေးဝါးကုန်ကြမ်းများကို ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ ဖော်စပ်ပြီး နိုင်ငံတကာအဆင့်မီ သပ်ရပ်လှပသော ထုပ်ပိုးမှုစနစ်များဖြင့် ပြည်သူများကျန်းမာရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

**ဦးသူရိန်နိုင်အောင်ဟိန်း အာဘထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

တိုင်းရင်းဆေး ညီလာခံကို တက်ရောက်ရခြင်းဖြင့် တိုင်းရင်းဆေးပညာနဲ့နှီးနွှယ်တဲ့ အတတ်ပညာရှင်



ဦးသူရိန်နိုင်အောင်ဟိန်း

တွေနဲ့တွေ့ဆုံခွင့်ရပြီး ဆေးပညာရပ်တွေ ဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ အာဘထရှူဆေးဟာ မြန်မာပြည်တွင် ပထမဦးဆုံး ထိုင်းနိုင်ငံမှ FDA ရထားသောဆေးဖြစ်ပါတယ်။ ထိုင်းနိုင်ငံသို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ဘေးထွက်ဆိုးကျိုးမရှိသည့်အတွက် စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

**ဒေါ်မိုးပြည့်ပြည့်ဖြိုး မုံရွာဆရာမိုးဆေးတိုက်**

တိုင်းရင်းဆေးသမားတော်များ ညီလာခံတက်ရောက်ရတဲ့အတွက် တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ဗဟုသုတတွေအများကြီးရပါတယ်။ မြန်မာ့တိုင်းရင်းဆေးတိုးတက်ဖြစ်ထွန်းလာတာတွေ့ရလို့ အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။ မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်ဘဲ ဝမ်းမှန်ဆေးဖြစ်တဲ့အတွက် နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါတယ်။ နိုင်ငံခြားဆေး ရောနှောပါဝင်ခြင်းမရှိတဲ့ မြန်မာ့တိုင်းရင်းဆေး စစ်စစ်ဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်။ **(မြန်မာ့အလင်း)**

## ဟာရိတ၏ စာအုပ်စင်



### မြူမှုန်ကင်းသည့်လမင်းသာ ကဗျာပေါင်းချုပ်ဖြန့်ချိ



ရေနံ့သာမောင်ကျော်ညွှန့် ရေးသားဖွဲ့ဆိုသီကုံးသော မြူမှုန်ကင်းသည့်လမင်းသာ ကဗျာပေါင်းချုပ်စာအုပ်ကို ထုတ်ဝေ လိုက်သည်။

ကဗျာပေါင်းချုပ်စာအုပ်တွင် မိဘ မေတ္တာ၊ သဘာဝတောတောင် ရေမြေအလှတို့ကို မြတ်နိုးစွာဖွဲ့ဆိုထားသော ကဗျာများ၊ ကျောင်းဆရာတစ်ဦး၏ ဘဝနှင့် စေတနာကို ဖော်ကျူးသော ကဗျာများ၊ လောကကြေးမုံကိုထင်ဟပ်သော ကဗျာများ၊ စိတ်ဓာတ်ကြံ့ခိုင်ရေး၊ စာရိတ္တ ကောင်းမွန်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားရေးစရိုက်လက္ခဏာထိန်းသိမ်းရေးတို့ကို ဦးတည်ရေးဖွဲ့သော ကဗျာများ စသည်ဖြင့် အကြောင်းအရာပေါင်းစုံလင်လှသည်။

ကဗျာပေါင်းချုပ်စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရေနံ့သာစာပေ ဖုန်း-၀၉-၈၃၀၃၄၆၉ နှင့် ၀၉-၄၉၃၂၅၈၃၂ တို့သို့ တိုက်ရိုက် ဆက်သွယ်ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

### အလင်းကမ္ဘာသစ်ဆီသို့ဆောင်းပါးပေါင်းချုပ်စာအုပ်ထွက်ရှိ



ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)၏ အလင်းစေတမန်တို့၏အောင်ပွဲပွဲတင်သံများနှင့် အလင်းကမ္ဘာသစ်ဆီသို့ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာရေးသူက "ဤဆောင်းပါးများသည် ကျွန်မဘဝ၏အသည်းနှလုံး၊ ကျွန်မဘဝ၏မှတ်တိုင်များ၊ ကျွန်မဘဝ၏ အရိပ်ပမာဖြစ်ခဲ့ရသလို ကျွန်မဘဝကို လက်သည်ထက်လက်အောင် အရောင်တင်ပေးခဲ့သည့် သင်ခန်းစာများဖြစ်သည်" ဟု ဆိုသည်။

ယင်းစာအုပ်ကို လင်းရောင်သစ်စာပေ ဖုန်း-၀၉-၈၆၂၀၁၆၃၊ ၀၁-၅၀၃၉၅၀ နှင့် သီရိဆွေစာပေ ဖုန်း-၀၉-၄၂၁၁၀၃၆၇၁၊ ၀၉-၇၃၁၄၂၇၇၄ တို့မှ ဖြန့်ချိလိုက်ကြောင်း၊ တစ်အုပ်လျှင် ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

### စာပေဗိမာန်စာမူဆုရ ကဗျာစာအုပ်များဖြန့်ချိ





၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရရှိသော မောင်လွမ်းနိုင်(စံပယ်ငုံ)ရေးသားသည့် "ပွဲဝင်စေတနာ မေတ္တာမော်ကွန်းနှင့် အခြားကဗျာများ" စာအုပ်နှင့် ၂၀၁၀ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိသော ဇော်မျိုးဟန် (ငါးသိုင်းချောင်း)ရေးသားသည့် "အလိမ္မာလက်ဆောင်ကလေးကဗျာများ" စာအုပ်တို့ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါ စာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၄၁၄၆၈၁၊ မန္တလေးမြို့ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂- ၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတိပေး နှိုးဆော်ချက်**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
**၁၃၇၅ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၀)ရက်**
**၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ ရက်**

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီ ၆ ရက်မှ ၁၀ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော မြန်မာနိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၅ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
**၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်**
**၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်**

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရောင်းချပွဲတွင် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ဒီ)အဆင့်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ဒီ)အဆင့်များကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ ရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**



**(၁၉-၁၂-၂၀၁၃)ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါဦးခင်ညွှန့်နှင့် ၄င်း၏ရှေ့နေ ဦးမြင့်ခင်၊ ဦးဇော်လင်းထွန်းတို့၏ကြေညာချက်အပေါ်**
**မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာချက်**

(ဒေါ်မြညွှန့်)၏သမီး မသင်းသင်းစန်း ၁၂/သဃက(နိုင်)၁၃၆၆၅၂၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော မြေကွက်နှင့်အိမ်ကို ဦးဘချစ်ထံမှ (၁)(ဒေါ်မြညွှန့်)၊ (၂) ဦးဝင်းနိုင်၊ (၃) ဦးလှမြင့်၊ (၄) ဦးခင်ညွှန့်၊ (၅) (ဦးအေးသွင်)တို့၏မိခင် ဒေါ်တင်လှဝယ်ယူထားခဲ့ခြင်းဖြစ်သည့်အတွက် ဦးခင်ညွှန့်ပိုင်ဆိုင်ခြင်း လုံးဝ(လုံးဝ)မဟုတ်ပါ။ ကျွန်ုပ်၏မိတ်ဆွေမှလည်း သက်ဆိုင်ရာသို့ ကန့်ကွက်ထားပါသည်။ အမွေဆိုင်မြေနှင့် အိမ်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေသို့ ရပိုင်ခွင့်အမွေဝေစုကို ခုနစ်ရက်အတွင်းခွဲဝေပေးရန် အသိပေး ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးခင်မောင်ကြီး LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၉)
အမှတ်(၇၀၆) ခြောက်လွှာ(ယာ)၊ ကမ္ဘာ့ဌာန်းလမ်း၊
မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၉၅၉၇၆

ပြည်တွင်းသတင်း

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးအတွက် မြို့မိမြို့ဖများ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**တောင်ကြီး ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်အဆင့်ဌာနဆိုင်ရာများ လိုက်ပါလျက် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ရှောင်မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က မင်္ဂလာအချိန် ကျရောက်သောအခါ ပန္နက်ရိုက်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောက်လုပ်ရေးတာဝန်ခံက ကျောင်းဆောင်သစ်ဆောက်လုပ်မည့် အစီအစဉ်များကိုရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျောင်းအားကစားကွင်းကို စက်ယန္တရားဖြင့် မြေညှိခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့သည် ဗထူးခန်းမ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ရှောင်မြို့နယ်အတွင်းရှိ ကော်မတီများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်က ဒေသဖွံ့ဖြိုးရေးအတွက် ကော်မတီအသီးသီးနှင့် မြို့မိ မြို့ဖများ တင်ပြတောင်းဆိုချက်များကို ပြန်လည်ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

# ဆီထွက်သီးနှံ ဘိလပ်သီးများ ကန့်ဘလူတွင်ဈေးကောင်းရ

**ကန့်ဘလူ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အင်းလယ်ကြီးကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက်က ဘိလပ်သီးချဉ်ပေါင်သီးများ လှိုင်လှိုင်ပေါ်၍ ဈေးကောင်းလျက်ရှိရာ ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဘိလပ်သီးကို နေရာဒေသမရွေး စိုက်ပျိုးနိုင်ပြီး သဲမြေ၊ ကျပ်တီးမြေများတွင်လည်း မြေမရွေးဘဲစိုက်ပျိုးနိုင်သည်။ နွေရာသီတွင်လည်း ရေသွင်း စိုက်ပျိုးနိုင်သည်။ ဒေသပေါက်ဈေး တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀၊ ၄၀၀၀၀ ပေါက်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



အင်းလယ်ကြီးကျေးရွာ တောင်သူဦးတင်ဝင်းက မန္တလေးပွဲစားက ဘိလပ်သီးဈေးကောင်းမည်ဖြစ်၍ စိုက်ပျိုးရန် တိုက်တွန်းခြင်းကြောင့် ယခုများများ စိုက်ပျိုးထားကြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ခရမ်းချဉ်၊ မြေပဲများ လည်းစိုက်ပျိုးထားကြောင်း၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၁၅၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၂၀၀၀ ဈေးရှိကြောင်း ပြောကြားသည်။

ဘိလပ်စေ့ကို ဆီကြိတ်ပြီးသုံးရာတွင် ကောင်းကြောင်း၊ မြေပဲဆီအတိုင်း ကြည်၍နေပြီး သွေးတိုးသမားများအတွက်သင့်တော်ကြောင်း၊ တစ်ပိဿာ ငွေကျပ် ၃၀၀၀ ခန့်ရှိ၍ မြေပဲဆီဈေးနှုန်းရှိကြောင်း ဒေသခံများထံမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

**ရွှေ့ပြောင်းသွားလာဘေးကင်းကွာ သိမှတ်စရာကြိုတင်လေ့လာပါ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁၂-၂၀၁၃

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၄၉၀၀၀-၆၁၀၈၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၄၈၅၀၀-၆၁၀၄၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅-၉၈၈.၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၆၅ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၉ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၀.၈ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၃-၁၆ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၅-၁၆၅ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၇၄-၂၉၀ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၁၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၄၅၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၃၅၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၈၀၀-၇၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၅၀၀-၆၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၃၂၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၅၀၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၆၀၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၃၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၄၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၆၃ |
| ၆။ မြင်းခြံကြက်သွန်နီ(အသစ်) | တစ်ပိဿာ | ၁၀၀-၈၇၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၀၇၅-၁၁၀၀ |
| ၉။ အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၆၀၀-၇၄၀ |
| ၁၀။ မိုးထောင်ငရုတ် (ပျော်ဘွယ်) | တစ်ပိဿာ | ၂၅၅၀-၂၇၀၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၉၀၀-၉၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ပန်းမုန်လာစိုက်ပျိုးသူများ တွက်ခြေကိုက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သီလကျေးရွာအုပ်စုတွင် ဆောင်းရာသီ သီးနှံတစ်မျိုးဖြစ်သည့် ပန်းမုန်လာပင်ကို ယမန်နှစ်ကထက် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။ ပန်းမုန်လာကို အောက်ခံမြေဩဇာနှင့်နှပ်ထားပြီး တစ်ပတ်ခန့်အကြာ၌ စတင်စိုက်ပျိုးကြောင်း ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ မြေတစ်ဧကလျှင် အပင်ရေ ၉၀၀၀ ကျ စိုက်ပျိုးနိုင်ပြီး အောက်ခံမြေဩဇာများအဖြစ် အပင် ၁၀၀၀ လျှင် အာမိုခတ်မြေဩဇာ တစ်ပြည်၊ ပုလဲတစ်ပြည်နှင့် နွားချေး တင်း၁၀၀ အောက်ခံထားစိုက်ပျိုးကြပြီး စိုက်ပျိုးပြီးပါက အပင်၏ဖြစ်ထွန်းမှုအပေါ် မူတည်၍ မြေဩဇာကျွေးပေးရသည်။ မြေဩဇာကျွေးပြီးတိုင်း ရေအဝသွင်းပေးရသည်။ စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ ကျော်လျှင် စတင်ဆွတ်ခူးရောင်းချနိုင်သည့် အနေအထားရောက်ရှိမည်ဖြစ်သည်။ ယခင်နှစ်က ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၃၀၀ ရောင်းချရပြီး အမြတ်အစွန်းပိုမိုရရှိကြသဖြင့် ယခုအခါပန်းမုန်လာ စိုက်ပျိုးသူများပြားလာကြောင်း ပွင့်လှကြီးကျေးရွာမှ စိုက်ပျိုးသူတစ်ဦးက ပြောသည်။

နိုင်ဝင်း




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ နေပြည်တော်**
**မွေးမြူထုတ်လုပ်ရေးဒီပလိုမာသင်တန်းအတွက် ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်နှင့်အချိန် ပြောင်းလဲကြောင်း ကြေညာချက်**

ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်းစာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|
| ၂၉-၁၂-၂၀၁၃ ရက် | ၃၀-၁၂-၂၀၁၃ ရက် |
| (တနင်္ဂနွေနေ့) | (တနင်္လာနေ့) |
| ညနေ ၄ နာရီ | နံနက် ၈ နာရီ |

လှနုဖြူ
မော်ကွန်းထိန်းအဆင့်(၁)






## ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# ပဲခူးတွင် ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းဖွင့်

**ပဲခူး ဒီဇင်ဘာ ၂၇**

ပဲခူးမြို့ ဗိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်ရှိ ဝဂ်ဘာလမ်းတွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီခွဲက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို အစီအစဉ် (၇)ရပ်ဖြင့် ဖွင့်လှစ်ပေးခဲ့ရာ အဆိုပါ ကိုယ့်အားကိုယ်ကိုး ဖွင့်ပွဲအခမ်းအနားသို့ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးရဲမြင့်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးကြင်သိန်းနှင့် ဦးစောမော်ထွန်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးများ၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ဝဂ်ဘာလမ်းရှိ ပြည်သူများတက်ရောက်ကြပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးချုပ်ဦးညဏ်ဝင်းက ကွန်ကရစ်လမ်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) သန့်စင်**

# ရခိုင်ပြည်နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မည့် မြို့နယ်ရွေးချယ်ရန်အကြံပေးခြင်းအခမ်းအနားကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၂၇**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မည့် မြို့နယ်ရွေးချယ်ရန်အကြံပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက စစ်တွေမြို့နယ် ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးမြအောင်က မိန့်ခွန်းပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခန့်ဇော်က စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြီး ဒုတိယညွှန်ကြားရေးမှူး ဦးလှခိုင်က လူထုအခြေပြုဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်း အကြောင်းနှင့် မြို့နယ်ရွေးချယ်ခြင်းအတွက် သတ်မှတ်ချက်များအကြောင်းကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားပေးကြသည်။ ယင်းနောက် အုပ်စုငယ်များခွဲ၍ သတ်မှတ်ချက်များအတိုင်း မြို့နယ်များရွေးချယ်ကြပြီး အဖွဲ့လိုက်ရလဒ်များကို တင်ပြဆွေးနွေးကြသည်။

လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မည့် မြို့နယ်များကို ရွေးချယ်ရာ ပထမဦးစားပေးမြို့နယ်အဖြစ် အမ်းမြို့နယ်ကိုလည်းကောင်း၊ ဒုတိယဦးစားပေးမြို့နယ်အဖြစ် ပုဏ္ဏားကျွန်းမြို့နယ်ကိုလည်းကောင်း၊ တတိယဦးစားပေး မြို့နယ်အဖြစ် ဂွမြို့နယ်ကိုလည်းကောင်း အတည်ပြုရွေးချယ်ခြင်းခံရကြောင်း သိရသည်။ (လ/၀၀၃)

# မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းအနီးတွင် မြို့ကွက်များဖော်ထုတ်တည်ဆောက်

**ဂန့်ဂေါ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် မြစ်သာရေလှောင်တမံ အောက်ဘက်အနီးတွင် စံပြမြို့ကွက်သစ်တစ်ခု တည်ဆောက်ပေးထားသည်။ စံပြမြို့ကွက်သစ်တွင် ပနန်း၊ စပယ်၊ ယင်းမာနှင့် စင်ပုံအမည်ရှိ ကွက်သစ်လေးခုပါဝင်ပြီး ပနန်းကွက်သစ်တွင် အိမ်ရာ ၁၃၅ လုံး၊ စပယ်ကွက်သစ်တွင် အိမ်ရာ ၇၇ လုံး၊ ယင်းမာကွက်သစ်တွင် အိမ်ရာ ၆၇ လုံးနှင့် စင်ပုံကွက်သစ်တွင် အိမ်ရာ ၉၆ လုံး စုစုပေါင်းအိမ်ရာ ၃၇၅ လုံး တည်ဆောက်ပြီးဖြစ်သည်။ ယင်းလူနေအိမ် ၃၇၅ လုံးသည် ပုံစံတူ၊ အရောင်အသွေးတူများဖြစ်သည်။အရွယ်အစားလည်း တူညီကြသည်။ ကွက်သစ်များတွင် အတွင်းလမ်းများကို ညီညာဖြောင့်တန်းစွာ စနစ်တကျဖောက်လုပ်ထားသည်။ လူနေအိမ်တစ်လုံးလျှင် ငွေကျပ်သိန်း ၂၀၀ ခန့် တန်ဖိုးရှိကြောင်း သိရသည်။ ကွက်သစ်တစ်ခုစီတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး တစ်ရုံးစီလည်း ရှိကြသည်။ သောက်သုံးရေအတွက် စက်ရေတွင်းများ တူးဖော်ထားပြီး ရေစုကန်များမှတစ်ဆင့် နေအိမ်များရှိ အုတ်ရေကန်များသို့ ရေပိုက်များဖြင့် ရေပေးဝေမည်ဖြစ်ရာ ကွက်သစ်များတွင် နေထိုင်မည့်သူများအဖို့ ရေအတွက် အချိန်ကုန်၊ လုပန်းဒုက္ခမှ ကင်းဝေးမည်ဖြစ်သည်။ လျှပ်စစ်မီးလည်း ဖြန့်ဖြူးပေးမည်ဖြစ်ရာ လျှပ်စစ်မီးဖြင့် ထမင်း၊ ဟင်းချက်ပြုတ်နိုင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ စာဖတ်နိုင်ခြင်း၊ ညအချိန်မှာပင် အိမ်မှုကိစ္စများ ဆောင်ရွက်နိုင်ခြင်း၊ အခြားလျှပ်စစ်မီးနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်သည်။ ယင်းကွက်သစ်များတွင် နေထိုင်မည့်သူများ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် စိုက်ပျိုးမြေများလည်း ဖော်ထုတ်ပေးထားပြီး ကျွဲနွားများ သောက်သုံးရန်အတွက် လျှိုပိတ်တမံများလည်း တည်ဆောက်ထားသည်။

မြစ်သာ ရေလှောင်တမံအနီး တောထဲ၊ တောင်ထဲတွင် ပေါ်ထွန်းလာသောမြို့ကို ဒေသခံများက မြစ်သာမြို့သစ်ဟု ခေါ်ဝေါ်သမုတ်နေကြသည်။

ပနန်း၊ စပယ်၊ ယင်းမာနှင့် စင်ပုံအမည်ရှိ မြို့ကွက်များသည် သာယာပြီး နေချင်စဖွယ်နေရာဒေသတစ်ခုအဖြစ် တွေ့မြင်ရသည်။ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးမြောက်ပါက အနီးဝန်းကျင်ရှိ ကျေးရွာများသည် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ယင်းမြို့ကွက်များသည် ဒေသဖွံ့ဖြိုးရေး၌ အချက်အချာကျသည့် နေရာဒေသတစ်ခုဖြစ်လာဖွယ်ရှိသည်။ နောင်တစ်ချိန်ကာလဝယ် ယင်းမြို့ကွက်များသည် စက်မှုလက်မှုလုပ်ငန်းများ၊ ရောင်းရေးဝယ်တာများဖြင့် စည်ကားသောနေရာ ဒေသတစ်ခု ဖြစ်လာနိုင်သည်။ **(အောက်ပုံ)**

**ကြီးမြင့်နိုင်(လှိုင်ကော်)**



# အရန်သားဖွားသင်တန်းသူများအား ကွင်းဆင်းလုပ်ငန်းတာဝန်ပေးအပ်

**မင်းကင်း ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ဒီဇင်ဘာ ၂၃ ရက်က ကျန်းမာရေးစီမံကိန်းဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အရန်သားဖွားသင်တန်းသူများအား ကွင်းဆင်းလုပ်ငန်းများ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာ ရေးဦးစီးမှူး ဒေါက်တာခင်ခင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရထောက်ပံ့ ရန်ပုံငွေဖြင့် သင်တန်းတက်ရောက်သော အရန် သားဖွားသင်တန်းသူများအား ဆေးပုံးထောက်ပံ့ပေးခဲ့ပြီး ထူးချွန်ဆုရရှိသော သင်တန်းသူသုံးဦးအား ဂုဏ်ပြုလက်ဆောင် များပေးအပ်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**






## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း (ခ)ဦးဘဟန်လမ်း၊ အခန်း (၄၀၈/စီ) အမှတ် ၇၉၊ မုဒိတာအိမ်ရာတိုက်ခန်း (၁) ဦးနိုင်နိုင်ထွန်း ၇/ပခန(နိုင်) ၁၈၉၂၆၀ ၏ တိုက်ခန်းအမည်ပြောင်းခွင့်ပုံစံ (အမှတ်စဉ်-၀၀၉၇) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် - ဦးနိုင်နိုင်ထွန်း ဖုန်း-၀၉-၅၀၃၃၅၉၆၊ ၀၉-၂၅၄၀၂၉၉၂**

## ကံကောင်း

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်**

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉**
**၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈**




## အများသိစေရန်ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၎/က ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၉/၁၆၄ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ရွှေ AA-၀၄၄၅၁၃မှ ကန်ထရိုက်စနစ်ဖြင့် သုံးထပ်ခွဲ တိုက်သစ်ဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့ သဘောတူညီစာချုပ် ချုပ်ဆိုပြီးဖြစ်ပါသည်။

အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက နောင်တွင် လက်ခံစဉ်းစားညှိနှိုင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးတင်ရွှေ** | **ဒေါ်ဖြူဖြူအောင် LL.B** |
| **AA-၀၄၄၅၁၃** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၇၆)** |
| | **ဖုန်း-၀၉-၇၃၁၆၇၄၄၅** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ ကင်းဝင်လမ်း၊ မြေကွက်အမှတ် ၈/၂၀/၂၁/၂၂ မြေအမည်ပေါက်များမှာ ဒေါ်ခင်သက်စိုး၊ ဒေါ်ဝင်းဝင်းစိုး၊ ဒေါ်တင်တင်စိုးအမည်ဖြင့် မှတ်သားတည်ရှိသော နှစ် ၆၀ဂရန် မြေအမျိုးအစားဖြစ်ပြီး မြေဧရိယာ ပေ(၄၀×၆၀)မြေကွက်သုံးကွက်ကို ယခုလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်မီမီလွင် ၉/မထန(နိုင်)၀၀၃၂၁၀ ထံမှ ကျွန်ုပ်ဝယ်ယူ၍ စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်ထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဦးအောင်ဟိန်း ၇/ပမန(နိုင်)၁၁၃၃၅၅၊ ဖုန်း-၀၉-၅၅၅၉၇၇၉၊ ၀၉-၅၁၉၈၂၁၉**

နိုင်ငံတကာအားကစားသတင်း

# ချယ်လ်ဆီးနဲ့ လီဗာပူး နိုင်ပွဲကို ဘယ်သူဖြတ်သန်းမလဲ

မိုးမြင့်လင်းလက်

**ပရီမီယာလိဂ်ပွဲစဉ်(၁၉)ကို ဒီဇင်ဘာ ၂၉ ရက်မှာ ဆက်လက်ကစားတဲ့အခါ ချယ်လ်ဆီးနဲ့ လီဗာပူးပွဲဟာ ဒီနှစ်ဘောလုံးရာသီအတွက် စိန်ခေါ်ပွဲတစ်ပွဲဖြစ်သလို စပါးနဲ့စတုတ်တို့ကလည်း ရေကုန်ရေခန်းကစားရမယ့် အနေအထားရှိပါတယ်။ ဒါ့အပြင် နယူးကာဆယ်ကွင်းမှာ သွားကစားရမယ့် အာဆင်နယ်ကလည်း အနိုင်ရမှဖြစ်မယ့် အာစင်ဝင်းဂါးအတွက် စိုးရိမ်စရာကောင်းနေပြန်ပါတယ်။**

**ချယ်လ်ဆီးနှင့် လီဗာပူး**

ဒီနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားမျှော်လင့်ချက်တွေ ဝေနေတဲ့ လီဗာပူးဟာ ဆွာရက်ဇ်နဲ့စတာရစ်တို့ အားကိုးနဲ့ စတန်းဖို့ဒ်ဘရစ်ကွင်းကို ချီတက်လာမှာ ဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ အိမ်ကွင်းရှုံးပွဲ မရှိသေးတဲ့ ချယ်လ်ဆီးဟာ လီဗာပူးကို အနိုင်ရလဒ်အတွက် အိပ်မက်မက်ခွင့်ပေးမှာ မဟုတ်ပါဘူး၊ လီဗာပူးဟာ ခံစစ်ကြောင်း အားနည်းတတ်တာကို အခွင့်အရေးတစ်ရပ်အဖြစ် မော်ရင်ဟို အသုံးချဖို့ ကြိုးစားပါလိမ့်မယ်။ နှစ်ကုန်နှုတ်ဆက်ပွဲမှာ လီဗာပူးတို့ ကံကောင်းဖို့ မလွယ်လောက်ဘူးလို့ ထင်ပါတယ်။

**နယူးကာဆယ်နှင့် အာဆင်နယ်**

အိမ်ကွင်းမှာ ပြိုင်ဘက်အသင်းတွေကို ဖြိုလှဲနိုင်တဲ့ နယူးကာဆယ်ဟာ အာဆင်နယ်အတွက်တော့ ပွဲကျပ်ဖြစ်နေပါတယ်။ ရီမီဦးဆောင်တဲ့ နယူးကာဆယ်တိုက်စစ်ဟာ အာဆင်နယ်ခံစစ်ကြောင်းကို ကောင်းကောင်းခြိမ်းခြောက်နိုင်တဲ့ စွမ်းဆောင်မှုအဖြစ် နယူးကာဆယ်တို့ ပုံဖော်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ အာဆင်နယ်ဟာ လက်ရှိခြေစွမ်းကျရိပ်ရှိနေပေမယ့် အကောင်းဆုံးပုံစံတော့ ရအောင်ကြိုးစားနေတာမို့ ခက်ခဲပေမယ့် ဒီပွဲမှာ အာဆင်နယ်ဟာ ရလဒ်ကောင်းနဲ့ အတူ နှစ်သစ်ကိုဖြတ်သန်းပါလိမ့်မယ်။

**စပါးနှင့် စတုတ်**

စပါးအတွက် အရေးကြီးတဲ့ ပွဲစဉ်ဖြစ်နေပါတယ်။ စပါးယာယီနည်းပြတင်ရှားဝုဒ်အတွက် မှတ်ကျောက်တင်နေတဲ့ အချိန်ဖြစ်တာမို့ အမာခံကစားသမားတွေနဲ့ ပွဲထွက်လာမှာ သေချာပါတယ်။ စပါးမှာ ဆိုဒါဒိုနဲ့အဒီဘာယောတို့ တိုက်စစ်အတွဲဟာ အလုပ်ဖြစ်နေတာမို့ စတုတ်တို့အတွက် အဝေးကွင်းမှာ အသက်ရှူကျပ်စရာပါပဲ။ အဝေးကွင်းမှာ ခြေစွမ်းပျောက်တတ်တဲ့ စတုတ်ဟာ ကံကောင်းမှ တစ်မှတ်ရမယ့် အနေအထားဖြစ်ပါတယ်။

**အဲဗာတန်နှင့်ဆောက်သမ်တန်**

ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲတစ်ပွဲပဲရှိသေးတဲ့ အဲဗာတန်တို့ကတော့ ဒီပွဲမှာ မှတ်တမ်းကောင်းဆက်လက်ရေးထိုးဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ခံစစ်တောင့်တင်းတဲ့ အဲဗာတန်နောက်တန်းကို ဆောက်သမ်တန် တိုက်စစ်မှူးတွေ ဖြတ်ကျော်ဖို့ ခဲယဉ်းမှာဖြစ်ပါတယ်။




# မန်စီးတီးက လီဗာပူးကို အနိုင်ကစား

မန်စီးတီးနှင့်လီဗာပူးတို့ ပရီမီယာလိဂ်ဖလားလု စမ်းသပ်ပွဲအဖြစ် ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ မန်စီးတီးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ထိပ်ဆုံးရောက် အာဆင်နယ်နှင့် ရမှတ်တစ်မှတ်သာ ကွာတော့သည်။ လီဗာပူးတို့ ခရစ္စမတ်ကာလ၌ ဇယားထိပ်ဆုံး၌ ရပ်တည်ခဲ့သည်။ ဖိလစ်ကော်တင်ဟိုက လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူသည်။ ယင်းဂိုးကို မန်စီးတီးအသင်းခေါင်းဆောင်ကွန်ပနီက ခေါင်းတိုက်ဂိုးဖြင့် ချေပခဲ့သည်။ နီဂရီဒိုက မန်စီးတီးအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ လီဗာပူးတိုက်စစ်မှူးများ အကောင်းဆုံးခြေစွမ်းပြသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။



# မန်ယူကံကောင်း၍အနိုင်ရ

မန်ယူနှင့်ဟားလ်စီးတီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ချက်စတာ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းဂိုးဖြင့် မန်ယူတို့ အနိုင်ရလိုက်သည်။ ချက်စတာက အိမ်ရှင်ဟားလ်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ယင်းဂိုးသွင်းပြီး ၁၂ မိနစ်အကြာ ဒေးဗစ်မိုင်လာက ဟားလ်အတွက် ဒုတိယဂိုးသွင်းယူခဲ့ပြန်သည်။ မန်ယူတို့ ချေပဂိုးများသွင်းနိုင်ရေး အကြိတ်အနယ်ကြိုးစားခဲ့ရသည်။ စမောလင်း၏ ခေါင်းတိုက်ဂိုးနှင့်ရွန်းနေ၏ သွင်းဂိုးတို့ဖြင့် ပြန်လည်ချေပခဲ့ရသည်။ ဒုတိယပိုင်းပြီးခါနီးတွင် ဗလင်စီယာအနီကတ်ဖြင့် ထွက်ခဲ့ရသည်။ သို့သော်လည်း ချက်စတာက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသဖြင့် မန်ယူတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

# ကူဘစ်ရှ်လေ ဖူလ်ဟမ်နည်းစနစ်မှူး ဖြစ်လာ

အလန်ကူဘစ်ရှ်လေအား ဖူလ်ဟမ်နည်းစနစ်မှူးအဖြစ် ခန့်အပ်လိုက်သည်။ ချာလ်တန်နည်းပြဟောင်းကူဘစ်ရှ်လေသည် ဝက်စ်ဟမ်းမှထွက်ခွာသွားပြီးနောက် ဘောလုံးလောကနှင့်ငါးနှစ်ကြာကင်းကွာနေခဲ့သည်။ အသက် ၅၆ နှစ်ရှိ ကူဘစ်ရှ်လေသည် အနာဂတ်အင်္ဂလန်နည်းပြဖြစ်လာနိုင်သူအဖြစ် သတ်မှတ်ခံထားရသူလည်းဖြစ်သည်။ ၄င်းသည် ယခုလအစောပိုင်းက နည်းပြမာတင်ဂျိုးနေရာတွင် အစားထိုးလိုက်သော ဂန်းမီလန်စတင်းနှင့်အတူ ဖူလ်ဟမ်အသင်းရလဒ်ကောင်းအောင် ပူးပေါင်းလုပ်ကိုင်ပေးရမည်ဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် လက်ရှိပရီမီယာလိဂ်တွင် နံပါတ်(၁၉)နေရာ၌ ရောက်ရှိနေသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# မွေးနေ့ဆုတောင်း

ချစ်သော သားသားငယ် မောင်ဘုန်းနေရောင် Grade 2-A(TTC), Primary 1-B(ILBC) ၏ ၂၈-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၇)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံသော သားကောင်းရတနာလေးအဖြစ် အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ-

**နှစ်ဖက်သော - ဘိုးဘိုး-ဘွားဘွား**
**ဖေဖေ - ဦးနေလင်း**
**မေမေ - ဒေါ်သက်သက်အောင်**
**ကိုကို - မောင်သန့်နေရောင်**
**Grade 5-D(TTC), Primary - 4 (ILBC)**

**ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေသည် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄-သုဝဏ္ဏ၊ မြေကွက်အမှတ် ၂၀ဟုခေါ်တွင်သည့်အလျား ၇၆'၆"/၈၄ ပေ၊ အနံ ၉၁/၉၃ ပေခန့် ရှိသော မြေကွက်နှစ်မြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်များဖြစ်ကြသည့် ဦးမျိုးသန့် ၁၂/ဗဟန(နိုင်)၀၇၁၉၈၇နှင့် ဇနီး ဒေါ်ဝင်းဝင်းသန့် ၁၂/ဗဟန(နိုင်)၀၇၂၀၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဝင်း (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၄၂၁၀၆၂၄၆၉**
**ရုံးခန်းအမှတ် ၆၊ သုမနလမ်း၊ (၅)ရပ်ကွက်၊ မြို့နယ်တရားရုံးဝင်း၊ သာကေတမြို့နယ်**

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ်သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များကိုထုတ်ပြန်ကြေညာ

**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **ဧရာဝတီမြစ်ဘေးရှိ ကျေးရွာများကမ်းပြိုမှုဖြစ်ပွားလျက်ရှိရာ ရွာသစ်တည်ထောင်ပြောင်းရွှေ့ခဲ့သော်လည်း ယခုအခါ ကိုက် ၅၀၀ ခန့်သာဝေးကြောင်း၊ လုပ်ကိုင်ရန် စိုက်ပျိုးမြေမရှိ၍ ဧရာဝတီမြစ်အား ထိန်းသိမ်းပေးရန် ကိစ္စနှင့်ပတ်သက်၍** မေးမြန်းချက်အပေါ်ရေလမ်းကြောင်းပြောင်းလဲမှုများကြောင့် ကမ်းပြိုမှုဖြစ်ပွားကြောင်း၊ ပခုက္ကူမြို့တောင်ဘက် ကျွန်းညို၊ မြင်းကျွန်း၊ မရိုးကုန်း၊ သိမ်ကုန်းကျေးရွာများကမ်းပြိုကာကွယ်မှုဖြစ်ပွားခဲ့ကြောင်း၊ မိုးရာသီအရေးပေါ်ကာကွယ်ရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေနည်းရာသီအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ ပြည်ထောင်စုသီးသန့်ရန်ပုံငွေ ပထမဦးစားပေးအဆင့် တင်ပြထားပါကြောင်း၊ ရန်ပုံငွေရရှိပါက အလျားမီတာ ၃၀၀ ရှိ သဲအိတ်ခင်းမျော ရေကာလေးခုတည်ဆောက်ကာကွယ်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **သရက်မြို့တွင် သရက်ဘူတာနှင့် မင်းလှဘူတာတို့တွင် အများသုံးသန့်စင်ခန်းများ တည်ဆောက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** မင်းလှဘူတာတွင် အများသုံးသန့်စင်ခန်းဆောက်လုပ်ခြင်းလုပ်ငန်းအား ယခုဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ သရက်ဘူတာတွင် လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာမှ ပြန်လည်ဖြေကြားရာ ဒုတိယဝန်ကြီးက မင်းလှဘူတာနှင့် သရက်ဘူတာနှစ်ခုစလုံးတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဟု ဖြည့်စွက်ဖြေကြားပါသည်။

၂။ **သရက်မြို့၌ သရက်-မင်းဘူး RBE ရထားလမ်းရှိ သရက်ညအိပ်ပြီး မင်းဘူးအထိ အသွားအပြန်ပြေးဆွဲသဖြင့် သရက်ခရိုင်သို့လာသူများ အဆင်မပြေပါ။ သရက်တွင် ညအိပ်ရသည်။ ရထားကို သရက်အခြေပြုပြေးဆွဲမည့်အစား မင်းဘူးအခြေပြုပြေးဆွဲရန်(သို့)ရထားတစ်စင်းတိုးပြေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** ၂၀၁၀ မတ်လက သရက်-မင်းလှလမ်းဖွင့်ပြီးချိန်တွင် မင်းလှ(၁)(၂) RBE ရထားကို မင်းလှအခြေပြု ညအိပ်ပြေးဆွဲခဲ့ပါသည်။ နောက်ပိုင်း မင်းလှ-မင်းဘူးလမ်းပိုင်းသစ်ဖွင့်လှစ်သောအခါ မြန်မာ့မီးရထားရုံးချုပ် လက်ရှိ မင်းလှ-သရက် ရထားတွဲဆိုင်းကို အသုံးပြု၍ ခရီးစဉ်ပြေးဆွဲရန် ညွှန်ကြားခဲ့ပါသည်။ မြန်မာ့မီးရထားဌာနတာဝန်ရှိသူများက သရက်ခရိုင် မကွေးတိုင်းဒေသကြီးတို့နှင့် တင်ပြညှိနှိုင်းပြီး မကွေးတိုင်းဒေသကြီးရုံးသို့ သရက်လမ်းပိုင်းမှ သွားလာရေးအဆင်ပြေစေရန် ရထားမှာ မိုင် ၇၈ မိုင်ခန့်ပြေးဆွဲရမည်ဖြစ်ပြီး မင်းဘူးတွင် စက်ခေါင်းရုံမရှိသဖြင့် စက်ခေါင်းပြုပြင်ထိန်းသိမ်းရန် အလို့ငှာ လက်ရှိအချိန်စာရင်းရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ လက်ရှိ သရက်-မင်းဘူးလမ်းပိုင်း ကြံ့ခိုင်ရေးဆောင်ရွက်နေရာ ဆောင်ရွက်ပြီးပါက ရထားကြီးပြေးဆွဲရန် စီစဉ်ထားပါသည်။ ထိုအခါ ပိုထွက်လာမည့် RBE တွဲဆိုင်းကို မင်းလှ-သရက်ပြေးဆွဲနိုင်ရေးစီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **ဆင်ပေါင်ဝဲမြို့နယ်အတွင်း ၁၅၀၀ိ/တန် GSM တယ်လီဖုန်းကတ်များတိုးမြှင့်ရရှိရေးဆောင်ရွက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** တပ်ဆင်ထားသည့် စခန်းအရေအတွက်၊ လိုင်းအင်အားနှင့် သုံးစွဲမှုအပေါ်မူတည်၍ လစဉ်ကတ်အရေအတွက် သတ်မှတ်ရောင်းချခြင်းဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အသေးစိတ်ညှိနှိုင်းပြီး စိစစ်ဆောင်ရွက်ပေးသွားပါမည်။ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ လက်ပန်နှင့် ညောင်ပင်သာရွာများတွင် စခန်းသစ်များ တိုးချဲ့နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ပြီးစီးပါက Sim Card များ တိုးမြှင့်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **တောင်တွင်းကြီးမြို့နယ်တွင် ၁၉၉၇ ခုနှစ်တွင် တပ်ဆင်ခဲ့သည့်လိုင်းအင်အား ၆၀ သုံးစွဲနိုင်သော ကုက္ကိုခွကျေးရွာ လက်လှည့်အိတ်ချိန်းအား ပြန်လည်အသုံးပြုနိုင်ရေးဆောင်ရွက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍** လက်ရှိတယ်လီဖုန်းသုံးစွဲသူများ ပြန်လည်အသုံးပြုနိုင်စေရန် စက်မှုပိုင်းဆိုင်ရာ စစ်ဆေး၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မင်းဘူးမြို့နယ်အတွင်း ADSL စခန်းများ တိုးချဲ့တပ်ဆင်ပေးနိုင်ရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** မင်းဘူးခရိုင်အတွင်း ADSL လိုင်းစနစ်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုးချဲ့တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ**

၁။ **သရက်မြို့၏အနောက်ဘက် လမ်းပန်းဆက်သွယ်ရေးလမ်းဖြစ်သည့် သရက်-မင်းတုန်းလမ်းတွင် ထပ်ပိုးလွှာခင်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြုလုပ်၍ဝမ်းသာပါသည်။ ထို့ကြောင့်ခင်းသည့်လမ်းတွင် စေတနာထားခင်းရန် လိုအပ်ပါသည်။ အရည်အချင်းပြည့်မီရန်လိုအပ်ပါသည်။ နိုင်ငံတော်ဘတ်ဂျက်၊ တိုင်းဒေသကြီးရန်ပုံငွေများနှင့် ဆောင်ရွက်သည့်အတွက် ထိထိရောက်ရောက်ဆောင်ရွက်သင့်ပါသည်။ လမ်းခင်းရာတွင် အသုံးပြုသည့်မြေကြီး/ကျောက်သယ်ယာဉ်များကို စနစ်တကျမောင်းနှင်ရန်နှင့် လမ်းခင်းပစ္စည်းများအားလည်း ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းရှင်းစေရန် စနစ်တကျစုဆောင်းသင့်ကြောင်း အကြံပြုမေးမြန်းချက်နှင့်ပတ်သက်၍** ယခုလို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြောကြားသွားသည်ကို ကျေးဇူးတင်ပါသည်။ ယခုနှစ်မှစ၍ လမ်းခင်းပစ္စည်းများကို တင်ဒါစနစ်နှင့် လုပ်ကိုင်နေပါသည်။ ပြည်သူများနှင့်ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နေပါသည်။ အားနည်းချက်များရှိရင် ထောက်ပြပေးနိုင်ပါသည်။ ပြုပြင်စရာများရှိလည်း ပြုပြင်ပေးပါမည်။ အရေးယူစရာရှိရင်လည်း အရေးယူပေးပါမည်။ ဒေသခံပြည်သူတွေကို ယုံကြည်မှုရှိစေချင်ပါသည်။ ဆက်လက်ပြီးတော့ လာမည့်နှစ်တွင် ခရိုင်အင်ဂျင်နီယာမှူး၊ မြို့နယ်အင်ဂျင်နီယာ၊ ဝန်ထမ်းများနှင့်မြို့မိမြို့ဖအဖွဲ့အစည်းများအားလုံးမှ ကြီးကြပ်မှုကို ဒိုထက်သာအောင် ဆောင်ရွက်သွားမည်ဆိုလျှင် ပိုကောင်းသောလမ်းများ ဖြစ်လာနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မကွေးမြို့နယ်အတွင်းရှိ ကံမချောင်းသည် ချောင်းရေလာလျှင်လက်ပြကျေးရွာ ရေအန္တရာယ်ရှိ၊ ရွာလယ်လမ်းများပျက်ပြီး ရေကျော်နှင့် လမ်းမျက်နှာပြင်ညီနေ၍ ရေလျှံနေပါသည်။ ရေကျော်မြင့်နေကြောင်း ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပေါ်ရှိ ကံမချောင်းရေကျော်သည် ပေ ၂၀၀ ရှိပြီး တည်ဆောက်စဉ်က ချောင်းအနိမ့် ဖြစ်ပါသည်။ ရေလမ်းကြောင်းတွင်တည်ဆောက်ခြင်း၊ ရေလမ်းကြောင်း ပိတ်ခြင်းတို့ကြောင့်လည်း ရေလျှံမှုဖြစ်နိုင်ပါသည်။ သွားရောက်စစ်ဆေးပြီး လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **သရက်မြို့နယ်အတွင်းရှိ သရက်-နတ်မီးတောက်-ကံမလမ်း မိုင် ၀/၀-၃/၇ ထိ ယခင်စည်ပင်လမ်းနှင့် ဘိလပ်မြေစက်ရုံပိုင်လမ်းအား ဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်ပေးမည်ဟု ကြားသိရပါသည်။ သရက်- နတ်မီးတောက်-ကံမလမ်း မိုင် ၀/၀-၃/၇ ထိ ၃/၇ မိုင်အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးပါရန်နှင့် သရက်မှပြည်ရောက်သည်အထိ ကတ္တရာလမ်းအား တာရှည်ခံအောင် ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** သရက်-နတ်မီးတောက်-ကံမလမ်းမိုင် ၃/၇-၂၈/၄ ထိဆောက်လုပ်ရေးကတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ယခုမိုင် ၀/၀-၃/၇ ထိ ၃/၇ မိုင်အား တာဝန်ယူဆောင်ရွက်ရန်အတွက် ညှိနှိုင်းနေပါသည်။ လာမည့်နှစ်၌ တိုင်းဒေသကြီးငွေလုံး သန်း၁၂၀၀၊ တိုင်းဒေသကြီး အထူး ၂၆၄ ဒသမ ၉၈၂ သန်း၊ တိုင်းဒေသကြီးသာမန် ၁၇ ဒသမ ၀၀ သန်း စုစုပေါင်း သရက်-နတ်မီးတောက်-ကံမလမ်းအတွက် ၁၄၈၁ ဒသမ ၉၈၂ သန်းပါဝင်ပါသည်။ လာမည့်နှစ်မှာ ၎င်းရန်ပုံငွေဖြင့် ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## ဌာနဆိုင်ရာကြေညာချက်နှင့်ကြော်ငြာ



## မိတ္ထီလာအကျဉ်းထောင်ရှိ အကျဉ်းသားများ အခွင့်အရေး ဆုံးရှုံးနစ်နာမှုမရှိရေးစစ်ဆေး

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီ လာခရိုင် မိတ္ထီလာအကျဉ်းထောင်ရှိ အကျဉ်းသား/သူများ၊ အချုပ်သား/သူများ၏ အခွင့်အရေးများဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်သင်းဝေ၊ မိတ္ထီလာခရိုင် တရားရုံး ခရိုင်တရားသူကြီး ဦးထိန်မင်းနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

အကျဉ်းထောင်ရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ ပြစ်ဒဏ်ကျခံမှု၊ အမှုစစ်ဆေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘာသာရေး၊ လူမှုရေးများနှင့်ပတ်သက်၍ အခွင့်အရေးများအတိုင်း ရရှိခံစားနိုင်ရန် ဆောင်ရွက်ထားမှုများကို အကျဉ်းထောင်မှူး ဦးခင်မောင်ထွန်းက ဧည့်ခန်းဆောင်တွင် ရှင်းလင်းပြောကြားပြီးနောက် ၎င်းတို့အားတွေ့ဆုံကာ နေရာထိုင်ခင်းသက်သာချောင်ချိမှု၊ အစာစားရာတွင် အာဟာရပြည့်စုံမှု၊ မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံများဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့်ထားရှိမှု စသည့်တရားခံများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေးများဆုံးရှုံးနစ်နာမှုရှိမရှိကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဒေါ်ခင်သင်းဝေက မေးမြန်းသည်။ အကျဉ်းသား၊ သူ၊ အချုပ်သား/သူများက ဖြေကြားတင်ပြကြပြီးနောက် ဘုရားခန်း၊ အိပ်ဆောင်၊ စားဖိုဆောင်၊ စာကြည့်တိုက်စသည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်/ကောလိပ်များ၏**
**ဒသမအကြိမ်မြောက် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်**

### ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်၊ ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၈-၂-၂၀၁၄ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၉-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက် ဘွဲ့ယူနိုင်သည်-
စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်များတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) **တက်ရောက်ဘွဲ့** - B.E/B.Arch/B.Tech ဘွဲ့အတွက် -၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Arch/B.Tech ဘွဲ့အတွက်- ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၃၀-၁၂-၂၀၁၃ရက်မှစ၍မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိကျောင်းသားရေးရာဌာနများတွင်ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ၁၇-၁-၂၀၁၄ရက်(သောကြာနေ့)နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ယူကြမည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်းထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**

---

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်းလမ်းပို့ဆောင်ရေးပစ္စည်းထိန်းဗဟိုစခန်းရှိ မြေ ၃ဒသမ ၀၀၈ဧကနှင့် အင်းစိန်မြို့နယ်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၀ဒသမ ၉၈၈ဧကတို့အား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သော လုပ်ငန်းများဖက်စပ်ဆောင်ရွက် နိုင်ရန် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ
**တင်ဒါစိစစ်မည့်နေရာ** - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ် တစ်သောင်းတိတိ)နှုန်းဖြင့် အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ပြန်ကြားရေးဝန်ကြီးဌာန Web Media Protal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၆**

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဒဂုံအရှေ့မြို့နယ်၊ ရွာသာကြီး(အရှေ့ကွင်း)၊ အမှတ်(၂)လမ်းနှင့် (၁၄၀) ရပ်ကွက်သွားလမ်းထောင့်တွင် မြေ(၁၀)ဧက မြေဖို့ခြင်း၊
(ခ) အဆိုပါမြေနေရာတွင် ပေ(၆၀×၄၀) ရုံးအဆောက်အအုံ(တစ်ထပ်) ဆောက်လုပ်ခြင်း၊

၂။ သို့ပါ၍ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ မြေဖို့ရမည့်ဧရိယာ၊ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာအသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဒဂုံ(မြောက်)မြို့နယ်၊ အမှတ်(၄၆)ရပ်ကွက်၊ ရွှေလီ ၁ လမ်း၊ (ဗိုလ်မှူးဗထူးလမ်းမကြီးအနီး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၃ ရက်
**တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက်** -၃-၁-၂၀၁၄ ရက် (၁၆း၀၀)နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၉-၄၉၂၉၃၂၅၇၊ ၀၉-၄၂၀၀၇၇၀၇၄တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၆၃၈၇၊ တိုယိုတာဟိုင်းလတ် RN 43/P/U(4x2)R.11.D ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သန်း ၇/ပခန(နိုင်)၁၉၂၈၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိုးညှင်း-မန္တလေး အောင်ရတနာ ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း တိုးချဲ့ ခရီးစဉ်သစ်ဖွင့်

**မိုးညှင်း ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့မှ မန္တလေးမြို့သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မိုးညှင်း-မန္တလေး အောင်ရတနာ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း တိုးချဲ့ ခရီးစဉ်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက မိုးညှင်းမြို့ အဝေးပြေးကားဝင်းတိုက်တန်း၌ ကျင်းပသည်။

အဆိုပါ မော်တော်ယာဉ်အသင်းဆိုင်းဘုတ်ကို မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းထွန်းဝေ၊ မော်တော်ယာဉ်အသင်းပိုင်ရှင် ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မိုးညှင်း-မန္တလေးအောင်ရတနာ အဆင့်မြင့်လေအိတ်မှန်လုံမော်တော်ယာဉ်ကို မိုးညှင်းမြို့မှ အဝေးပြေးကားဝင်းမှ ညနေ ၃ နာရီတွင် ထွက်ခွာပြီး မန္တလေးမြို့သို့ နောက်တစ်နေ့နံနက် ၇ နာရီတွင် သီရိမန္တလာကားကြီးဝင်းသို့ ရောက်ရှိမည်ဖြစ်သည်။ မန္တလေးမြို့မှလည်းသီရိမန္တလာကားကြီးကွင်းမှ ညနေ ၃ နာရီတွင် ထွက်ခွာပြီး မိုးညှင်းမြို့အဝေးပြေးကားဝင်းသို့ နောက်တစ်နေ့နံနက် ၇ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ မိုးညှင်း-မန္တလေး အောင်ရတနာ ယာဉ်စီးနင်းခမှာ လူတစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ ဖြစ်ပြီး မိုးညှင်း-မန္တလေးသို့သွားလာရာတွင် (မိုးညှင်း-အင်းတော်-ရွှေဘို-မန္တလေး) ခရီးစဉ်အတိုင်း သွားလာမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်က မုံရွာတက္ကသိုလ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးမှ တာဝန်ခံပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများ၊ ပညာရေးစိတ်ဝင်စားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုံရွာစီးပွားရေး တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်က ပညာရေးမူဝါဒများ၊ မူကြမ်း အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများအားဆွေးနွေးသည်။ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်က တက္ကသိုလ်များစုဆည်းရေး၊ မုံရွာပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးခင်မောင်အေးက တိုင်းရင်းသားဘာသာစကားဖြင့် မူလတန်းအောက်အဆင့်တွင် သင်ကြားသင်ယူမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး တက္ကသိုလ်အသီးသီးမှ တာဝန်ခံပါမောက္ခချုပ်များက မူကြိုပညာရေးဆိုင်ရာများ၊ ဘွဲ့လွန်တော်ကြီးသင်ပညာရေးဆိုင်ရာများ၊ အခြေခံပညာရေးဆိုင်ရာများ၊ ဆရာအတတ်သင်ပညာရေးဆိုင်ရာများ၊ကျောင်းပြင်ပနှင့် လူတိုင်းအကျုံးဝင် ပညာရေးဆိုင်ရာများ၊ အဆင့်မြင့်ပညာရေးဆိုင်ရာများ၊ ပုဂ္ဂလိကကျောင်းပညာရေးဆိုင်ရာများ တင်ပြဆွေးနွေးကြသည်။ ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများက တင်ပြဆွေးနွေးကြပြီး မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က ပြန်လည်ရှင်းလင်းတင်ပြသည်။ ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**



# တရုတ်-မြန်မာနှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးအရာရှိများ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၃) ကို တရုတ်နိုင်ငံ လုံချွမ်ခရိုင် ကျန်းဖုန်းမြို့ ခရိုင်ရဲတပ်ဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ လွယ်ဂျယ်နယ်စပ်ဆက်ဆံရေးရုံး ဥက္ကဋ္ဌ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်ခုနစ်ဦး၊ တရုတ်နိုင်ငံဘက်မှ လုံချွမ်ခရိုင်ရဲတပ်ဖွဲ့မှူး မစ္စတာဖိုက်လဲ့သောင်း ဦးဆောင်သော တရုတ်ကိုယ်စားလှယ်ကိုးဦးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ၂၀၁၄ ခုနှစ်တွင် လူကုန်ကူးမှုများတားဆီးဖော်ထုတ်အရေးယူနိုင်ရေးအတွက် နှစ်ဖက်နယ်စပ်ဆက်ဆံရေးရုံးအဖွဲ့များ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်ဆက်ဆံရေးအရာရှိများ သတ်မှတ်ထားရှိပြီး လူကုန်ကူးမှု လမ်းကြောင်းများ၊ လူကုန်ကူးသူများ၏ ဆက်သွယ်မှုနည်းလမ်းများကို သိရှိအောင် ဆောင်ရွက်ရန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပညာပေးဆောင်ရွက်မှုကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင်ဝင်ရောက်မှုများ၊ မူးယစ်ဆေးဝါးမှုများ၊ လက်နက်ခဲယမ်းမှုများ၊ တရားမဝင်မှောင်ခိုမှုများ၊ လောင်းကစားမှုများ၊ လူကုန်ကူးမှုများ ပူးပေါင်းဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ရန်တို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ်ချမှတ်ခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**



# သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတားသစ် ဆောက်လုပ်လှူဒါန်းရန်စီမံဆောင်ရွက်

**သီပေါ ဒီဇင်ဘာ ၂၇**

သီပေါမြို့ AAA Cement Int Co.,Ltd ကုမ္ပဏီမှ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းအဖြစ် သီပေါမြို့ နမ့်ပေါ့ချောင်းကူးတံတားသစ်တစ်စင်းကို ဆောက်လုပ်လှူဒါန်းသွားရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နမ့်ပေါ့ချောင်းကူးတံတားသစ်ကြီးမှာ တောင်မြောက်အလျား ၂၂ ပေ၊ အကျယ် ၁၂ ပေ၊ တန် ၆၀ ခံနိုင်ရည်ရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး လူနှင့်စက်တပ်ယာဉ်များ ရာသီမရွေး အသုံးပြုသွားလာနိုင်မည်ဖြစ်သည်။ ၎င်းနမ့်ပေါ့ချောင်းကူးတံတားသစ် ဆောက်လုပ်ရာသို့ သီပေါမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးစိုးဝင်းမြင့်တို့ ယနေ့နံနက်က သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး AAA Cement Int Co.,Ltd ကုမ္ပဏီမှ အလှူရှင်ဦးစောနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ တံတားတည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးလှထွန်းက "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြု ကူညီဆောင်ရွက်ပေးရာမှာ ယခု နမ့်ပေါ့ချောင်းကူးသံကူကွန်ကရစ်တံတားသစ်လည်းပါရှိပါတယ်။ အများပြည်သူနဲ့ယာဉ်များသွားလာဖြတ်သန်းမှု အဆင်ပြေနိုင်ဖို့ ရာသီမရွေးအသုံးပြုနိုင်မယ့် ဒီတံတားက လေးစင်းမြောက် တံတားကြီးအမျိုးအစားဖြစ်ပြီး တံတားငယ်များစွာကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**သီပေါကိုလတ်**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့


## ကန်တော့ခံ ကြွတော်မူကြပါ ဆရာကြီး ဆရာမကြီးများ ခင်ဗျာ စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)

၁၉၈၄ခုနှစ် ကျောင်းဆင်းဘွဲ့ရ ကျောင်းသား ကျောင်းသူများရဲ့ နှစ်(၃၀)ပြည့် ပုလဲရတု ပြန်လည်တွေ့ဆုံကြပြီး ပညာသင်ကြားပို့ချခဲ့ကြသော အာစရိယဂိုဏ်းဝင် ကျေးဇူးရှင်ဆရာကြီးနှင့် ဆရာမကြီးများအား ဂါရဝတရားရှေ့ထားပြီး လက်ဆယ်ဖြာဦးထိပ်မိုးလို့ ရှိခိုးကန်တော့လိုပါသောကြောင့် (ဖိတ်စာရောက်ရှိသည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ) ကန်တော့ခံကြွရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည် ခင်ဗျာ။

**ကန်တော့ပွဲကျင်းပမည့်နေ့ရက်** - ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက် (သောကြာနေ့)

**ကန်တော့ပွဲကျင်းပမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သင်တန်းခန်းမ

**ကန်တော့ပွဲကျင်းပမည့်အချိန်** - ညနေ (၀၆:၀၀) နာရီတိတိ

**(သူငယ်ချင်း-တို့တွေရဲ့ မြတ်ဆရာတွေကို တို့အတူတူကန်တော့ကြရအောင် ဆုံရခဲ့လို့ လာခဲ့နော်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းလတ် C.D.C No.44686 ၏ PSC & RB CERTIFICATE (3122/01) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၆၄၇၄၁**

## မွေးနေ့မင်္ဂလာတောင်းဆုလွှာ

ချစ်ခင်မြတ်နိုးရသော ကျေးဇူးရှင်မေမေ **ဒေါ်ဝင်းရီ** (အလပြ၊ အထက မဲဇလီကုန်း)၏ ၂၈-၁၂-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့နိုင်ပါစေ။

**ချစ်သား-ကိုအောင်မြတ်ကျော်၊ သမီး-မကဗျာသွယ်**
**ချစ်မြေး-မမေသင်းကဗျာ၊ မောင်ထက်ဦးဝေယံ**

## အိမ်ခြံမြေရောင်းမည်

အင်းစိန်၊ ဖော့ကန်၊ စိုက်ပျိုးရေးလမ်း၊ မြို့တော်ဂေါက်ကွင်းအနီး၊ ဝဒသမ ၃၈ကခန့် ပေ(၁၁၀×၁၃၀)ခန့်၊ ထောင့်ခြံ နှစ် ၆၀ အထူးဂရန် အမည်ပေါက်

မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပါမောက္ခလမ်း၊ ပေ၄၀×၄၅ ပေခန့်၊ ရေ၊ မီး၊ PT-နှစ်ထပ်၊ ထောင့်ခြံ။ **ဖုန်း-၀၁-၆၄၆၂၈၉၊ ၀၉-၄၃၀၄၁၆၁၆၊ ၀၉-၅၁၄၇၄၉၆**


## ဦးဆိုင်ဆန်းနှင့် အများသိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ပန်ဝိုင်လမ်းနေ ဦးဆိုင်ဆန်း ၁၃/လရန(နိုင်)၀၅၁၆၀၁ သည်မိသားစုအပေါ်အကြိမ်ကြိမ်အဖန်ဖန် သည်းခံခွင့်မလွှတ်နိုင်သောကိစ္စများကို ကျူးလွန်၍ စိတ်ဆင်းရဲမှုအမျိုးမျိုးဖြစ်ပေါ်အောင်ပြုမူခဲ့ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ မသက်ဆိုင်တော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယော့နန်း(ခ)လူးနဲမ်းဘရား**
**၁၃/လရန(နိုင်)၀၄၁၄၇၇**
**ရပ်ကွက်(၁)၊ သာယာလမ်း၊ လားရှိုးမြို့**


## စစ်တက္ကသိုလ်အပတ်စဉ်(၁၆)၊ ကျောင်းဆင်းပွဲ (၃၉)နှစ်မြောက်နေ့ တွေ့ဆုံပွဲဖိတ်ကြားလွှာ

| အစီအစဉ် | ရက်စွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁။ **ဂေါက်သီးရိုက်ပြိုင်ပွဲ** | ၃၀-၁၂-၂၀၁၃ရက် | နံနက် ၆နာရီ | တပ်မတော်ဂေါက်ကွင်း |
| ၂။ **သံဃာတော်ဆွမ်းသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ** | ၃၁-၁၂-၂၀၁၃ရက် | နံနက် ၆နာရီ | ရွှေတိဂုံ၊ မြေစိုက်စေတီ၊အမှတ်(၁၉) |
| ၃။ **ညစာစားပွဲ** | ၃၁-၁၂-၂၀၁၃ရက် | ညနေ ၆နာရီ | Oriental House |

**မှတ်ချက်။** ကျဆုံး/ကွယ်လွန် ကျောင်းဆင်းသူငယ်ချင်းများ၏ မိသားစုများ အစီအစဉ်(၂)ကို မပျက်မကွက်တက်ရောက်ပေးပါရန် အထူးဖိတ်ကြားအပ်ပါသည်။


## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၂၀-E)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်(၁၀ဒသမ ๑ ၆/င)၊ မြေဧရိယာ ဝဒသမ ဝ၈၁၈ကရှိ မြေပိုင်မြေ(အိမ်ရာမြေ) မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နော်ခင်လပြည့်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်ပြုလုပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၄၄၄/၂၀၁၁ရယူပြီး၊ လက်ဝယ်ရရှိပိုင်ဆိုင်ထားသူများမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအားအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ LL.B** | **ဒေါ်လှလှခိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** | **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)** |

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# အုတ်တွင်းမြို့နယ် ဇီးဖြူသောင်-ဘန့်ဘွေးကုန်းလမ်းမကြီး ဖောက်လုပ်ပြီးစီးရန် အလှူရှင်များ လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာအုပ်စုရှိ အရှည် သုံးမိုင်ရှိသော ဇီးဖြူသောင်-ဘန့်ဘွေးကုန်းလမ်းမကြီးကို ကိုယ့်အားကိုယ်ကိုးဖြင့် ဒေသခံများလုပ်အားဒါနအရင်းပြုကာ ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်၍ ဖောက်လုပ်ခဲ့ရာ လမ်း၏ကျောရိုး၊ မြေသားများမှာ ယခင်က မော်တော်ဆိုင်ကယ်တစ်စီးနှင့်တစ်စီး ရှောင်တိမ်းမရသော လမ်းမှ ယခုအခါ လမ်း၏ ကျောရိုးပေါ်လာပြီဖြစ်သော်လည်း သုံးမိုင်ရှိသော ဇီးဖြူသောင်-ဘန့်ဘွေးကုန်း လမ်းမကြီးမှာ နှစ်မိုင်ခန့်ပြီးစီးနေပြီဖြစ်သော်လည်း ကျန်ရှိသော တစ်မိုင်အတွက် ခင်းကျင်းပြီးစီးရန်အတွက် အလှူရှင်များလိုအပ်နေကြောင်း ဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

"ကျွန်တော်တို့အနေဖြင့် ယခုဖောက်လုပ်လျက်ရှိသော ဇီးဖြူသောင်-ဘန့်ဘွေးကုန်းလမ်းမကြီးကို နှစ်စဉ်နှစ်တိုင်း ဧပြီလမှ သစ္စာရောင်ခြည်ဓမ္မ သဘင်ကျင်းပပြီး ရရှိသော အလှူငွေများနှင့်ခင်းကျင်းလျက်ရှိရာ လမ်းအရှည် နှစ်မိုင်ခန့်ပြီးစီးနေပါပြီ။ ဒီလမ်းမကြီးပြီးစီးသွားရင် ဇီးဖြူသောင် အောက် ကျောင်းဘုရားသို့လာရောက်ဘုရားဖူးသူများအနေနှင့် အဆင်ပြေချောမွေ့သွား မှာဖြစ်ပါတယ်"ဟု ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးယာစိန်က ရှင်းပြသည်။

**လှူဒါန်း**

သို့ပါ၍ ဇီးဖြူသောင် အောက်ကျောင်းတည်ရှိရာ လမ်းမကြီးဖြစ်သော ဇီးဖြူသောင်-ဘန့်ဘွေးကုန်းလမ်းမကြီး၏ ကျန်ရှိနေသေးသော လမ်းအရှည် တစ်မိုင်အတွက် အလှူငွေများ လိုအပ်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူအလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဆရာတော် ဦးကောသိယ(ပဲကြီးခုံဆရာတော်)ဖုန်း-၀၉-၇၃၂၂၃၅၇၅၊ ဦးယာစိန် ဥက္ကဋ္ဌ ဖုန်း-၀၉-၂၅၀၅၄၉၄၆၆ နှင့် ဦးမြအဖွဲ့ဝင် ဖုန်း-၀၉-၂၅၀၃၉၇၈၆၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုကိုရှုပ**



# မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် ဆိုင်းဘုတ်စိုက်ထူ

**မော်လမြိုင် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် ဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီကကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းတင်၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညိုလှ၊ (MANA) ဥက္ကဋ္ဌ ဦးနေဝင်း၊ ငန်းတေးရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ပြည်သူ စစ်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ ၁၅၀ ခန့် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှက ငန်းတေးရပ်ကွက်သည် မူးယစ်ဆေးဝါးကင်းစင်သည့် ရပ်ကွက်ဖြစ်၍ ရပ်ကွက်သူ ရပ်ကွက်သားများနှင့် မိဘပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်နောင်တွင်လည်း ယခုကဲ့သို့ မူးယစ်ဆေးဝါးကင်းစင်သည့် စံပြရပ်ကွက်ဖြစ်လိုပါကြောင်းနှင့် ယခုလိုလာရောက်ပြီး မူးယစ်ဆေးဝါးကင်းစင်သည့် ဆိုင်းဘုတ်ကိုစိုက်ထူရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**(လ/၀၁၂)**



# တရားရုံးဝန်ထမ်းများ ကျွမ်းကျင်မှုနှင့် အရည်အသွေးမြင့်မားရေးသင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ်တရားလွှတ်တော် တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်း ကျွမ်းကျင်မှုနှင့် တစ်ဦးချင်းအရည်အသွေးမြင့်မားရေးသင်တန်း (၂/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းကိုကိုက တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်တရားရေး ဦးစီးမှူး ဦးအုန်းသောင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ တရားရုံးစာရေး ဝန်ထမ်းများ ရုံးလုပ်ငန်းအရည်အသွေးမြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တက်ရောက်သောသင်တန်းသားများလိုက်နာရမည့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများတက်ရောက်ကြသည်။ အဆိုပါ သင်တန်းတွင် သင်တန်းဆရာများအဖြစ် ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးများ၊ ကရင်ပြည်နယ် တရားရေးဦးစီးမှူးခရိုင်တရားသူကြီးများမှ သင်တန်းပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၃၅ ဦးတက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



# တတိယအကြိမ် ယဉ်ကျေးလိမ္မာနှင့်ဓမ္မစကူးလ် နည်းပြသင်တန်း ဗန်းမော်မြို့၌ဖွင့်လှစ်

**ဗန်းမော် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညိန္ဒာလင်္ကာရ ဦးစီးကျင်းပသော တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာနှင့် ဓမ္မစကူးလ် နည်းပြသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မဟာသိမ်တော်ကြီးဓမ္မာမာမရရတနာ ရွှေကျောင်းတော်၌ ကျင်းပရာ ကြွရောက်လာကြသော ပရိသတ်များက သံဃာတော် အရှင်မြတ်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌသီရိလင်္ကာကန်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသဝနှင့် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညိန္ဒာ လင်္ကာရတို့က ဆုံးမဩဝါဒစကားများ မြွက်ကြားကြ၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဂေါပကအဖွဲ့ဝင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်လက်လှူဒါန်းကြပြီး ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ၍ ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆီမီးခုံ-နန်းရီ**

**သွေးသည် အသက်**

# ပုံတောင်ခြေရင်းရှိကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**ပုလဲ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများပါဝင်သည့် နယ်မြေစိုးမိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးအဖွဲ့သည် တောင်ပေါ်ကျေးရွာများသို့ပြည်သူဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက စစ်ရင်းကျေးရွာသို့ရောက်ရှိရာ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်နှင့်အဖွဲ့သည် ကျေးလက်ကျန်းမာရေးဌာန၌ ဝက်ကျတိုက်နယ်ဆေးရုံမှ ဒေါက်တာအောင်စန်းကျော်နှင့် ကျန်းမာရေးဝန်ထမ်းများက တောင်ပေါ်ကျေးရွာနေပြည်သူများအား နိုင်ငံတော်မှ ထောက်ပံ့ထားသည့် ဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေးနေမှုများကို ကြည့်ရှုပြီးလူနာများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်းသိရသည်။ ည ၇ နာရီတွင် စစ်ရင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တောင်ပေါ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးသည်။ ဆက်လက်ပြီး ဌာနဆိုင်ရာများ၏လုပ်ငန်းကဏ္ဍအလိုက်ချပြ ဆွေးနွေးမှုအပေါ်ဆွေးနွေးပွဲတက်ရောက်လာကြသည့် တောင်ပေါ်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၀ ကျော်တို့က သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းရာ ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဖြေကြားသည်။ ထို့နောက် စစ်ရင်ကျေးရွာ မီးလင်းရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့်ထောက်ပံ့လှူဒါန်းသည့် ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်း ၇၇ စုံကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆပ်ကော်မတီဝင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်သိန်းစိုးက ပေးအပ်ရာကျေးရွာအုပ်ချုပ်ရေးမှူးဦးလှအောင်က လက်ခံယူခဲ့ကြောင်းသိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅B /၆၆၂၄ မစ်ဆူဘီရှီဖူဆို/ Bus (4×2)ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၈/မထန(နိုင်)၀၄၉၅၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကြည်မင်းခိုင်ကုမ္ပဏီသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ မြိတ်သစ်ထုတ်လုပ်ရေး၊ ဒေသမန်နေဂျာ ဦးဇော်ဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၇)လမ်း၊ အမှတ် ၂၇၊ ပထမထပ်ရှိ ကြည်မင်းခိုင်ကုမ္ပဏီအားသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်နေရပ်လိပ်စာပါ ကြည်မင်းခိုင်ကုမ္ပဏီမှ တနင်္သာရီမြို့နယ်၊ တောင်ဖရူးကြိုးဝိုင်း ၂၀၁၀-၂၀၁၁ခုနှစ်နှင့် ၂၀၁၁-၂၀၁၂ခုနှစ်ထုတ်လုပ်ခဲ့သော မြေမအုံသစ်ဆိပ်နှင့် ပဝသစ်ဆိပ်သို့ ရောက်ရှိနေသည့် သစ်မာ ၄၅၃ဒသမ ၀၉၆တန်အား ထုတ်လုပ်သူမှ ဆက်သွယ်ဝယ်ယူရန်ဖြစ်သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ကာလကြာမြင့်လာသည်နှင့်အမျှ သစ်များမှာ အရည်အသွေးကျဆင်းဆွေးမြေ့မှုများ ဖြစ်လာနိုင်သောကြောင့် မြန်မာ့သစ်လုပ်ငန်းမှ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ယင်းကိစ္စအတွက် ကြည်မင်းခိုင်ကုမ္ပဏီမှ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း မြိတ်မြို့၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနသို့ လာရောက်ဆက်သွယ် ကန့်ကွက်ပါရန်နှင့် ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက ဌာနမှ လိုအပ်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာခိုင် (စဉ်-၂၆၇၄၅)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၈)၊ မစိုးရိမ်ကျောင်းလမ်း၊**
**ကန်ဖျားရပ်၊ မြိတ်မြို့**

**ဒေါ်ထိုက်ထိုက်စံ (စဉ်-၄၀၈၁၅)**
**အထက်တန်းရှေ့နေ**
**ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊**
**မြိတ်မြို့**

**ဒေါ်အေးလွယ် (စဉ်-၃၂၀၉၆)**
**အထက်တန်းရှေ့နေ**
**ရွှေသဇင်လမ်း၊ အောက်ဘလောက်၊**
**ဇေယျာသီရိ(၃)၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၆-ဘီ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၆-J၊ မြေကွက်အမှတ် ၁၁၃-H/၁၊ မြေဧရိယာ ၀ဒသမ ၂၃၀ဧကရှိ မြေပိုင်မြေ မြေကွက်အနက် တရားဝင်မခွဲမစိတ်ရသေးသည့် မျက်နှာစာ ၈၇ပေ၊ အနောက် ၈၈ပေ၊ အရှေ့ဘက် ၅၅ပေခန့်၊ အနောက် ၅၅ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အမာနီ ၁၂/ဗဟန(နိုင်)၀၇၃၄၀၆မှ အထက်ဖော်ပြပါမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ LL.B**
**တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

**ဒေါ်လှလှခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

**အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁ A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးမောင်မောင်လေး၏သား မောင်ကျော်ကျော်စိုး(ခ) အပါးလေးသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ကို ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမောင်မောင်လေး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/မြို့သစ်မြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၁၃၉ဃ)၊ ဧရိယာ ၀ဒသမ ၀၃၂ဧကရှိ ဦးစိန်ရီ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အားအမည် ဒေါ်သန်းကျင် LWE-၀၅၃၉၀၆ (ဘ) ဦးမိုးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁-သမိုင်း)၊ မြေကွက်အမှတ်(၁/က၃)၊ ဧရိယာ ၅ဒသမ၄၉၅ဧက၏တစ်စိတ်တစ်ဒေသဧရိယာ ၀ဒသမ၂၃၇ဧကခန့်ရှိမြေကွက်အားဦးသန်းထွန်း ၁၂/စခန(နိုင်)၀၄၄၃၀၀ အမည်ဖြင့် မြေငှားစာချုပ် (အထူးဂရန်)ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၆၂၇ အမည်ပေါက် ဦးရဲချစ်ထံမှ တစ်ဆင့်ဝယ်ယူထားသူဦးထက်ဖြိုးအောင် ၁၂/ရကန(နိုင်)၁၇၅၄၈၆ကမြေချပါမစ်ပြုလုပ်ပေးပါရန်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဇယ်တောက်ရာမှ စကားများ၍ လူသတ်မှုဖြစ်

**ပျဉ်းမနား ဒီဇင်ဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရန်အောင် (၂)ရပ်ကွက်တွင် လက်တောက်ခုံ(ဇယ်ခုံ)ဇယ်တောက်ရာမှ တစ်ယောက်တစ်ခွန်းစကားများခဲ့သည်ကို မကျေနပ်၍ မောင်နှမသုံးဦးမှ ဝိုင်းရိုက်၊ ဓားနှင့်ထိုးသဖြင့် သေဆုံးခဲ့သော လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခွဲက ပျဉ်းမနားမြို့ ရန်အောင် (၂)ရပ်ကွက် ညောင်ပင်လမ်း နယ်မြေ(၄)နေ မဝေနှင်းအောင် (၂၆နှစ်) ကွမ်းယာရောင်းသည် ၎င်း၏အိမ်ရှေ့ကွမ်းယာဆိုင်၌ ကွမ်းရောင်းနေစဉ် တစ်ရပ်ကွက်တည်းနေသူ မသဲမာ (၂၄နှစ်)၊ ဇော်အောင် (၂၁နှစ်)၊ မဲလုံး (၁၉ နှစ်) မောင်နှမသုံးဦးရောက်ရှိလာပြီး ဝေနှင်းအောင်၏ ကွမ်းယာဆိုင်ရှေ့ တန်းလျားတွင် ထိုင်နေသော အတူနေဦးလေးဖြစ်သူ ဦးဝင်းနု (၅၅နှစ်) တောင်သူနှင့် ဇော်အောင်မှာ ဦးဝင်းနု၏အိမ်တွင် လက်တောက်ခုံ(ဇယ်ခုံ) တောက်ရာမှ တစ်ယောက်တစ်ခွန်းစကားများခဲ့သည်ကို မကျေနပ်သဖြင့် ဦးဝင်းနု (၅၅ နှစ်)ကို မသဲမာနှင့်မဲလုံးတို့မှတုတ်နှင့် ရိုက်ကာ ဇော်အောင်က ဓားနှင့်ထိုးသဖြင့် ဦးဝင်းနုတွင်ဒဏ်ရာများရရှိ၍ ဆေးရုံတင်ပို့စဉ်သေဆုံးခဲ့သဖြင့် သေဆုံးသူ၏တူမဖြစ်သူ မဝေနှင်းအောင်က သဲမာ၊ မဲလုံး၊ ဇော်အောင်တို့ သုံးဦးအား အရေးယူပေးပါရန် ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်းသောကြောင့် ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးသန်းဝင်းက စစ်ဆေးလျက် ပြစ်မှုကျူးလွန်သူသုံးဦးအား ည ၁၀ နာရီ ၅၅ မိနစ်တွင် ဖမ်းဆီးထား၍ အမြန်ဆုံး တရားစွဲတင်ပို့ရန် စီစဉ်နေကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**လားရှိုး ဒီဇင်ဘာ ၂၇**

တပ်ဖွဲ့စု(၂၄) လားရှိုးမှ ရဲအုပ်ဇော်လင်းကျော်ဦးစီးသည့် အဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်က လားရှိုးမြို့ ရပ်ကွက်(၆) ခိုင်ရွှေဝါလမ်းမပေါ်၌ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်အမှတ် လရ/. . . (KENBO)မောင်းနှင်လာသော လီစင်(၄၅ နှစ်) ကို ရှာဖွေစစ်ဆေးရာ ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသော ဘိန်းဆီခဲ ၂၄၀ ဂရမ်ကိုလည်းကောင်း၊ ဆက်စပ်သောသတင်းများအရ လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ (၁၉) တွင် နေထိုင်သူ လော့ပေါင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ လော့ပေါင်းမှာ အိမ်မှထွက်ပြေး၍ မသင်္ကာသဖြင့် ဆက်လက်စစ်ဆေးရာ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသောဘိန်းဖြူမှုန့် ၁၀ ဒသမ ၅ ဂရမ်ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်က လားရှိုးမူးယစ်တပ်ဖွဲ့စု(၂၄)မှ ရဲအုပ် ငြိမ်းချမ်းစိုး ဦးစီးသည့် အဖွဲ့သည် လားရှိုးမြို့ ရပ်ကွက်(၁၂) လေယာဉ်ကွင်းလမ်းဆုံတွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းဝယ်နေသည်ဟု သတင်းရရှိ၍ စောင့်ဆိုင်းနေစဉ် လှအောင်၊ နန်းအေးရင်နှင့် အိုက်ကောတို့က ဆိုင်ကယ်ဖြင့်ရောက်ရှိလာသဖြင့် ဝိုင်းဝန်းပိတ်ဆို့ရှာဖွေရာ နန်းအေးရင်၏ ပိုက်ဆံအိတ်အတွင်း၌ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ စုစုပေါင်းသိန်း ၂၀၀ ခန့်ရှိပြီး လားရှိုးမူးယစ်နယ်မြေခံစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**



# လူကုန်ကူးခံရသူ အမျိုးသမီးများအတွက် ပြန်လည်ထူထောင်ရေးစခန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ လူကုန်ကူးခံရသူ အမျိုးသမီးများအတွက် သဲလိုမေတ္တာရိပ်မြုံ ပြန်လည်ထူထောင်ရေးစခန်း ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်း ဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဦးစောထွန်းအောင်မြင့် **(အပေါ်ပုံ)**က အမှာစကားပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးဦးတင်ဇော်မိုးနှင့် ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ယာယီရဲမှူးရိုလင်တို့က လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မှော်ဘီမြို့နယ် အုပ်ချုပ်ရေးမှူး အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့များ၊ ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းမှ အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။ပြန်လည်ထူထောင်ရေးစခန်းကို လူကုန်ကူးခံရသူအမျိုးသမီးများ လူမှုအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လည်ဝင်ဆံ့ရပ်တည်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အသက် ၁၃ နှစ်မှ ၄၀ အတွင်းရှိ လူကုန်ကူးခံရသူ အမျိုးသမီးများကိုအဓိကထားလက်ခံ ဆောင်ရွက်သွားမည်ဖြစ်ပြီး သုံးလမှ ခြောက်လအထိ နေထိုင်ရမည်ဖြစ်သည်။ ပြန်လည်ထူထောင်ရေးစခန်းတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပေးခြင်း၊ မိသားစုအသိုင်းအဝိုင်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းသို့မဟုတ် သီးသန့်ရပ်တည်နိုင်ရန်အတွက်ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ**

# ရှမ်းပြည်နယ် တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နေ ဦးလော်ပေါ (၅၅ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ဦးလော်ပေါအား ဆောက်လုပ်ဆဲနေအိမ်ဘေးရှိ တဲအတွင်း အိပ်ပျော်နေသည်ကိုတွေ့ရှိရပြီး အိပ်ရာခေါင်းရင်းအောက်မှ အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ ပါ တစ်ထုပ်၊ ပလတ်စတစ်ဘူးဖြင့် ထည့်ထားသော ဘိန်းဖြူအလေးချိန် တစ်ဂရမ်၊ ၎င်းအိပ်သည့် နေအိမ်တဲဘေးနံရံတွင်ချိတ်ဆွဲထားသော ပီနံလွယ်အိတ်အတွင်းမှ ဘိန်းစိမ်းအလေးချိန် ၁၃၀ ဂရမ်ပါ တစ်ထုပ်နှင့် ၁၄၀ ဂရမ်ပါ တစ်ထုပ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၂၇ ထုပ်၊ အိုက်စ်အလေးချိန် ၁၂ ဂရမ်ပါတစ်ထုပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၄၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့သဖြင့် လော်ပေါအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဟုမ္မလင်းမြို့တွင် ဘိန်းဖြူ ၃၉ ဒသမ ၉၃၈၇၄ ဂရမ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ထမံသီနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဟုမ္မလင်းမြို့နယ် တိုးလုံရွာ၏အနောက်ဘက်သုံးဖာလုံခန့်ဝေးသောတောလမ်းဘေးရှိ မြေပဲခင်းအတွင်းအိပ်ပျော်နေသည့် ဟုမ္မလင်းမြို့ နောင်ဆန်းကျင်ရွာနေ သိန်းလွင် (၄၅ နှစ်)နှင့် တမူးမြို့နယ် အောင်ဇေယျကျေးရွာနေ ဇော်မင်းထွန်း (၃၅ နှစ်) တို့နှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့၏အနောက်ဘက် ၁၀ ကိုက်ခန့်အကွာ မြေပဲခင်းအတွင်းမှ အပြာရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်ဖြင့်ထုပ်ထားသော ဘိန်းဖြူဟုယူဆရသည့်အဖြူရောင်အမှုန့် ၁၅ ဒသမ ၃၇၆၇၆ ဂရမ်ခန့်၊ ပန်းရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်ဖြင့်ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ၁၅ ဒသမ ၃၇၆၇၆ ဂရမ်၊ အနီရောင်ဆပ်ပြာခွက်အတွင်း ပလတ်စတစ်ဖြင့်ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့် ၉ ဒသမ ၁၈၅၂၂ ဂရမ် စုစုပေါင်းအလေးချိန် ၃၉ ဒသမ ၉၃၈၇၄ ဂရမ်ခန့်၊ တန်ဖိုးငွေကျပ် ၂၁၉၆၆၂၉ နှင့် ဇော်မင်းထွန်းဝတ်ဆင်ထားသည့် ကာကီရောင် အနွေးထည်ဂျင်းအင်္ကျီအတွင်းမှ ငွေကျပ် ၁၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် သိန်းလွင်နှင့်ဇော်မင်းထွန်းတို့နှစ်ဦးအား ထမံသီနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မှုခင်းကြိုတင်ကာကွယ်ရေးနှင့်မှုခင်းကျဆင်းရေးဆွေးနွေး

**မိုးကောင်း ဒီဇင်ဘာ ၂၇**

မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မိုးကောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အောင်သိဒ္ဓိခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးနိုင်နှင့် မိုးကောင်းမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်သူတို့က မူးယစ်ဆေးဝါးနှင့်လောင်းကစားမှုများဖော်ထုတ်အရေးယူရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲများကျင်းပရေးတို့နှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**(ဝ၆၂)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ စိတ်ချမ်းသာ**




## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးမောင်ကျစ်-ဒေါ်သန်းသန်းဌေးတို့၏သား
ဗိုလ်မှူးအောင်သူရိန်လင်း-မသက်မာစိုး တို့၏ညီ
**မောင်အောင်သူရိန်ထွန်း B.Sc(Botany)**
**နှင့်**
မန္တလေးမြို့နေ ဦးလှအောင်-ဒေါ်နက်(ဟသ်ာမင်းဂျုံစက်)၊
ဦးလှလေး-ဒေါ်ကျုံး (ပန်းဝါကဖေး) တို့၏မြေး
ကိုယုမောင်မောင်-မသက်နှင်းစိုး တို့၏အစ်မ
ဦးနေဝင်း- ဒေါ်စန်းစန်းအေး(ရွှေယုန်ဂျုံစက်)တို့၏
တစ်ဦးတည်းသောသမီး
**မသွယ်သွယ်ဝင်း B.A(English)**
တို့အားနှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ တို့၏ရှေ့မှောက်၌ ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်သူရိန်ထွန်း-မသွယ်သွယ်ဝင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမောင်မောင်သက်ဦး ၉/မနမ(နိုင်)၀၀၇၇၉၃၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ ဖုန်း-၀၉-၂၅၉၀၅၅၅၆၅

## အများသိစေရန်ကြော်ငြာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ကံဘဲ့၊ မြေကွက်အမှတ် ၁၇ က/၁ + ၁၉ ဃ/၁ ၊ ဧရိယာ ၀ ဒသမ ၁၈၃၈ဧကရှိ မြေပိုင်မြေကွက်ကို ဦးအောင်ထွေး ၁၂/မဂတ(နိုင်)၀၇၇၂၂၀ထံမှ ဝယ်ယူရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့ရာ ယခုအခါ နှစ်ဦးအရောင်းအဝယ်သဘောတူဖျက်သိမ်းပြီးဖြစ်ကြောင်း သိသာရန်ကြေညာအပ်ပါသည်။ ၁၇-၁၂-၂၀၁၃ရက်တွင် မြန်မာ့အလင်းသတင်းစာကြော်ငြာအချပ်ပို စာမျက်နှာ (၂)ကော်လံ (၅)(၆)တွင်ပါရှိသော ကြေညာချက်ဖြစ်ပါသည်။

**ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် $L_{17}$ ၆၀၊ မြေကွက်အမှတ် ၂၁၂၀ အမည်ပေါက် အဏ္ဏဝါကိုကိုလေး(ခ)ချစ်ခိုင် CE-၀၈၀၉၅၄၊ ၁၂/ဗဟန(နိုင်)၀၃၀၆၆၃ထံမှ ဝယ်ယူထားသူဒေါ်ဆိုဘာဒေဝီ(ခ)ရေခါဒေဝီ ၁၂/ပဘတ(နိုင်)၀၁၄၁၆၄သည်မြေချပါမစ် ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် $L_{17}$ ၆၀၊ မြေကွက်အမှတ် ၂၁၂၀ အမည်ပေါက် ဦးကျောက်ဒိုး(ခ)ဝင်းမြင့် TKI-၀၀၃၈၆၃ထံမှ ဝယ်ယူထားသူ ဦးထွန်းမြင့် ၁၂/တမန(နိုင်)၁၆၇၆၄၂သည် မြေချပါမစ်ပြုလုပ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမှုရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅၆၊ မြေကွက်အမှတ် ၃၉၅အမည်ပေါက် ဦးမာမက်ရာကွတ်(ခ)မျိုးမြင့်CG-၀၁၉၅၉၆ ထံမှတစ်ဆင့် ဝယ်ယူထားသူ ဦးမြဦး ၅/ကဘလ(နိုင်)၁၃၇၂၄၇သည်မြေချပါမစ် ရုံးခွဲမှတ်ပုံတင်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၁၆၁ အမည်ပေါက် ဦးချစ်ပိုင် SLI-၀၃၄၅၈၈ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းထွန်း ၁၂/ဥကတ(နိုင်)၀၄၅၄၀၃မှ မြေချပါမစ်ဓာတ်ပုံမူရင်းပျောက်ဆုံးသွားပါသဖြင့် ဓာတ်ပုံမိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## နယ်သတင်းနှင့်ကြော်ငြာ



# မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်တွင် အသိပညာပေးဟောပြော

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးရာဌာနအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မိုးမြင့်က အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ အမျိုးသမီးများကို ပြုစုပျိုးထောင်ရေး၊ လူမှောင်ခိုကူးမှုမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်ပြီး အမျိုးသမီးများ အလုပ်အကိုင်များရရှိရန် တိုင်းဒေသကြီး အမျိုးသမီးရေးရာမှ ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း၊ မုန့်လုပ်နည်းသင်တန်း၊မိတ်ကပ်လိမ်းနည်းသင်တန်းများကို တက်ရောက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်စန္ဒာက ကလေးသူငယ်များ မုဒိမ်းမှုများ၊ အကြမ်းဖက်မှုများခံရပါက စိတ်၏ဆိုးကျိုးများ၊ ခန္ဓာကိုယ်မှ ဆိုးကျိုးများနှင့် ပတ်ဝန်းကျင်ဆိုးကျိုးများ ခံစားရပုံများနှင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးနှင့်ပတ်သက်ပြီးဒေသခံများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဟောပြောသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမ အင်အား ၂၀၀ တက်ရောက်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ချင်းပြည်နယ်ဝန်ကြီးချုပ် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ဟားခါး ဒီဇင်ဘာ ၂၇**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Gautan Mukhopathaya အား ဒီဇင်ဘာ ၂၂ရက် နံနက် ၉နာရီက အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဝန်ကြီးချုပ်နှင့်သံအမတ်ကြီးအဖွဲ့တို့သည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေးကဏ္ဍများ၊ ချင်းပြည်နယ်နှင့် နယ်စပ်ချင်းထိစပ်နေသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြကြောင်းသိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

# နတ်မောက်မြို့နယ် ကျေးရွာအချို့ရှိနွားများတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေ

**နတ်မောက် ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် န/လက်ခုပ်ပင်ရွာရှိ နွားများတွင် ယခုလအတွင်း ခွာနာလျှာနာရောဂါများဖြစ်ပွားလျက်ရှိပြီး နို့စို့အရွယ်နွားငယ်အနည်းဆုံး သုံးကောင်ခန့် သေဆုံးခဲ့ကြောင်းသိရသည်။ ယခုနှစ်ဆောင်းရာသီတွင် တောင်သူများ၏ ခိုင်းနွားများ၊ သားမွေးနွားမများ၊ နို့စို့အရွယ်နွားငယ်များ၌ ခွာနာလျှာနာရောဂါဖြစ်ပွားလျက်ရှိရာ အခြားနွားများကိုပါ ရောဂါကူးစက်မပြန့်ပွားရေးအတွက် န/လက်ခုပ်ပင်ကျေးရွာအတွင်းရှိနွားများအား မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးရဲလင်းထွဋ်က ခွာနာလျှာနာရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(၁၂၇)**

# လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၇**

နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားတိုးတက်ရန် နှစ်စဉ် ဒီဇင်ဘာလ၏ရက်သတ္တပတ် ပထမပတ်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ် ခရိုင်နှင့်မြို့နယ်တိုင်းတွင် လူထု လမ်းလျှောက်ပွဲများ ကျင်းပလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင်လည်းမြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၅ နာရီက စုရပ်ဖြစ်သော မြို့မကျောက်တိုင်အားကစားကွင်း၌ ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် မြို့ပေါ်(၅)ရပ်ကွက်မှဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀ကျော်တို့က သတ်မှတ်နေရာသို့ တပျော်တပါးဖြင့် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြကြောင်း သိရှိရသည်။

**သန်းထိုက်(ရွှေဘို)**

# မော်လမြိုင်မြို့ မူလတန်းကြိုကျောင်း အမှတ်(၃)တွင်အားကစားပြိုင်

**မော်လမြိုင် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းအမှတ်(၃)တွင် ပညာနို့ရည် သောက်သုံးနေကြသည့် ရင်သွေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာစေမည့်ပြယုဂ်တစ်ခုဖြစ်သောကျောင်းတွင်း အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ ကျင်းပသည်။ **(ယာပုံ)**

ပြိုင်ပွဲကို ရင်သွေးငယ်ကလေးများက ပန်းပွားအကများဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး အပြေးပြိုင်ခြင်း၊ အာလူးကောက်ခြင်း၊အရောင်ရွေး၊ ပုံတူထပ်၊ ခေါင်းအုံးရွက်စသည့် ပျော်ရွှင်ဖွယ်ရာ ကစားနည်းပွဲစဉ်ပေါင်း (၃၁)ခုကို ရင်သွေးငယ် ၂၀၀ ကျော်တို့က ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲစဉ်အလိုက် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းသို့သော အားကစားပြိုင်ပွဲများကို မောင်ငံရပ်၊ ကျောက်မီးသွေးရုံရှိအဆိုပါမူကြိုကျောင်းတွင် ကလေးများ ကာယ၊ ဉာဏ စွမ်းအားများ ဘက်စုံဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် နှစ်စဉ် ဒီဇင်ဘာလအတွင်း ကျင်းပကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၂၅**

**ကွယ်လွန်သူ ဦးမျိုးမြင့်၌ ကျန်ရစ်သောပစ္စည်းများအကြောင်း။**

မောင်ကြည်သာထက်စိုး

အမရပူရမြို့၊ သင်ပန်းကုန်းရပ်။ **လျှောက်ထားသူ**

အမရပူရမြို့၊ သင်ပန်းကုန်းရပ်နေ မောင်ကြည်သာထက်စိုးမှ ကွယ်လွန်သူ ဦးမျိုးမြင့်-ဒေါ်တင်နွဲ့၏သားဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမျိုးမြင့်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း။ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမျိုးမြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၀ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင်လျှောက်ထားသူ မောင်ကြည်သာထက်စိုး၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကင်းမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁ နှင့်ဆက်နွှယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

ဦးမြင့်စိန် **နှင့်** ၁။ ဦးတင်ထွန်း
Global Eagle အိမ်ရာ၊ တိုက်-၉၊ လေးလွှာ (ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးခင်မောင်ထွန်း
အမှတ် ၁၈၃၊ သုံးလွှာ၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**တရားနိုင်** **တရားရှုံးများ**

ယခုနေရပ်လိပ်စာမသိသူတရားရှုံးများသိစေရမည်။

ရန်ကင်းမြို့နယ် တရားရုံးတော်၏ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးမြင့်စိန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၇ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွေးထွေး)**
**မြို့နယ်တရားသူကြီး**
**ရန်ကင်းမြို့နယ်တရားရုံး**

## အမွေပြတ်စွန့်လွှတ်ခြင်း

မော်ဘီမြို့နယ်၊ ကြာကန်စုကျေးရွာနေ မောင်ကျော်သူ ၁၂/မဘန(နိုင်)၁၃၀၇၉၀သည် မိဘများ လုံးဝသဘောမတူသူနှင့်ပေါင်းသင်းပြီး စိတ်ဆင်းရဲအောင် အမျိုးမျိုးဒုက္ခပေးပါသဖြင့် အမွေခံသားအဖြစ်မှ လုံးဝစွန့်လွှတ်ကြောင်း ကြေညာပါသည်။ **ဦးဇော်မင်း-ဒေါ်ညွန့်ညွန့်မာ**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် ၁၉/ပြည်လုံးနိုင်အကွက်၊ ဦးပိုင်အမှတ် ၂၁၄-ခ၊ မြေဧရိယာ ၀ဒသမ၀၃၆ဧကရှိမြေကွက်သည် မြို့မြေအမှုအမှတ် ၁၀၀/၁၉၄၆-၄၇ ဖြင့် ဒေါ်ထွေး အမည်ပေါက်လိုင်စင်မြေကွက်အား ဦးကံချွန် ၉/ကဆန(နိုင်) ၀၈၈၉၉၂က ၎င်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေငှားဂရန်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကံချွန် ၉/ကဆန(နိုင်)၀၈၈၉၉၂**

## ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(စ)မိတ္တူထုတ်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် စ/၆၇၈၅ နီဆန်း UG 80 ထရပ် (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းငြိမ်းမြတ် ၉/မရတ (နိုင်) ၁၁၀၆၄၅က ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(စ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(စ)မိတ္တူထုတ်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် သ/၅၂၅၂ Toyota Corolla EE 96 စတေရှင်ဝက်ဂွန်း ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၁၃/လရန(နိုင်)၀၈၃၉၃၁က ယာဉ်အိုယာဉ်ဟောင်း အပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(စ)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ဌာနဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးကြော်ငြာ





[illegible]


U HLA BU'S TOEFL

ROYAL SUN 01-212651, 09-49308462

| | | | |
|---|---|---|---|
| 1 | 30.12.13 ❖ 5.1.14 | 3 | 5.1.14 ❖ 11.1.14 |
| 2 | 2.1.14 ❖ 8.1.14 | 4 | 8.1.14 ❖ 14.1.14 |

Top-Ten / All-D

(၂၀၁၄–၁၅) ပညာသင်နှစ် အတွက်

NGU

(၄၃၀) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

၀၉ - ၅၃၀ ၉၆ ၅၀၀


## အမည်ပြောင်း

ဦးမောင်မောင်ကြည်၏သား အထကခွဲ (၃) ရွှေပြည်သာ ဒုတိယတန်း(A)မှ မောင်ထက်ဝေယံအား မောင်ထင်ကျော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထင်ကျော်အောင်**

## သံရုံး ယာဉ်မောင်း အလိုရှိသည်

ဟွန်ဒါ၊ တိုယိုတာ၊ မာစီဒီး မောင်းရန် အင်္ဂလိပ်စကား နားလည်ရမည်။

**ဖုန်း–၀၉–၂၀၁၅၁၄၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ည/၃၇၊ အနောက်မြို့ပတ်လမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးစိုင်းအွမ်–ဒေါ်နန်းသောင်းမေတို့၏သား မောင်စိုင်းရန်နိုင်(ခ)ဖိုးလုံးသည် မိဘတို့ဆိုဆုံးမခြင်းကို နာခံခြင်းမရှိသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောအကြောင်းကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**ဦးစိုင်းအွမ်**

**၁၃/လခတ(နိုင်)၀၀၀၅၄၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**တောင်ကြီးမြို့နယ်တရားရုံး**

**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်–၈၈**

ဒေါ်ညို **နှင့်** ဒေါ်ရီရီချို ပါ(၄)

**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ စပယ်ဖြူလမ်း၊ အမှတ် ၉၆၊ အခန်းအမှတ် စီ–၂နေ ဦးသောင်းစိန်နှင့် တောင်ကြီးမြို့၊ မြို့မရပ်၊ မြို့ပတ်လမ်း၊ နယ်မြေ(၁)၊ အမှတ် ၂၇နေ ဒေါက်တာမြတ်မြတ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ညိုက မြေငှားခနှင့် နစ်နာကြေးငွေရလိုမှုအဖြစ် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မီမီဝင်း)**

**ဒုတိယမြို့နယ်တရားသူကြီး(၂)**

**တောင်ကြီးမြို့နယ်တရားရုံး**

## စွမ်းအင်ဝန်ကြီးဌာန

## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

## (၁၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-147(2013-2014) | Down Hole Mud Motor Ex Horizontal Directional Drilling Rig | 1 Set | US$ |
| (၂) | IFB-148(2013-2014) | Caterpillar C-9 Truck Engine for 30 Ton Mark Oil Field Truck | 1 No | US$ |
| (၃) | IFB-149 (2013-2014) | CNG Compressor Driven Electric Motor With Complete Package | 1 Lot | US$ |
| (၄) | IFB-150(2013-2014) | Spares for IMW (Mother) Dispenser | 7 Items | US$ |
| (၅) | IFB-151(2013-2014) | Arc Transformer Welding Machine with Complete Accessories AC, 400 AMP, Dry Type | 8 Nos | US$ |
| (၆) | IFB-152(2013-2014) | Mobile Welding Machine with Complete Accessories 600 AMP, Diesel Engine Driven | 10 Nos | US$ |
| (၇) | IFB-153(2013-2014) | Spares for GM 6V 53 Engine | 15 Items | US$ |
| (၈) | IFB-154(2013-2014) | Spares for GM 6V 71 Engine | 17 Items | US$ |
| (၉) | IFB-155(2013-2014) | Spares for CAT D-3408PC Rig Engine | 26 Items | US$ |
| (၁၀) | DMP/L-047(2013-2014) | Multi Grade Diesel Engine Oil SAE 15 W 40 (API-CF 4) | 700 Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂–၁–၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

**ဖုန်း–၀၆၇–၄၁၁၀၉၇၊ ၄၁၁၂၀၆**


www.myanmarnoblecollege.com

edexcel

MYANMAR NOBLE COLLEGE

ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

HND Engineering

- Construction & the Built Environment (Civil Engineering)
- Electrical & Electronics
- Mechanical

HND Business

HND Computing (IT)

Contact Info : [illegible]

# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးနှစ်စင်း ရန်ကုန်သို့ရောက်ရှိ



Voyager အပျော်စီးသင်္ဘော ရန်ကုန်ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဆိုက်ရောက်စဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်(ဒလ)

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ကူညီမှု၊ Myanmar Voyages International Tourism Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၆၉ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၉၃ ဦး တင်ဆောင်လာသော Azamara Club Cruisesမှ M.V Azamara Journey အပျော်စီးသင်္ဘောကြီးသည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ စင်ကာပူနိုင်ငံ စင်ကာပူဆိပ်ကမ်းမှတစ်ဆင့် ဆိုက်ကပ်လာသည်။

အဆိုပါ သင်္ဘောကြီးပေါ်မှ ကမ္ဘာလှည့်ခရီးသည် အများစုသည် အမေရိကန်၊ ဗြိတိသျှ၊ ဩစတြေးလျလူမျိုးများဖြစ်ပြီး ရန်ကုန်နေ့တစ်ဝက်လည်ပတ်ခြင်း၊ ရွှေတိဂုံဘုရားသို့ ညနေခင်းလည်ပတ်ခြင်း ခရီးစဉ်ကိုလည်းကောင်း၊ ပုဂံတစ်ညအိပ်၊ နှစ်ရက် ခရီးစဉ်ကိုလည်းကောင်း၊ ရန်ကုန်မြို့တွင်း တစ်နေ့တာလည်ပတ်ခြင်း ခရီးစဉ်၊ ပဲခူးနေ့ချင်းပြန်ခရီးစဉ်တို့ကိုလည်းကောင်း၊ သန်လျင်နေ့တစ်ဝက်ခရီးစဉ်၊ သန်လျင်ဈေးလည်ပတ်ခြင်းနှင့် ကျိုက်ခေါက်ဘုရားသို့လည်ပတ်ခြင်းခရီးစဉ်၊ ကလေးဝဘုန်းကြီးကျောင်းတွင် ရှင်ပြုပွဲအားကြည့်ရှုခြင်း ခရီးစဉ်တို့ကိုလည်းကောင်း သွားရောက်လည်ပတ်ကြမည် ဖြစ်သည်။ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အဆိုပါသင်္ဘောသည် MITT ဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ခရီးဆက်ကြမည်ဟု သိရသည်။

စာမျက်နှာ ၉ ကော်လံ ၅

## ယနေ့ မာတိကာ


ဗန်းမော်တက္ကသိုလ်ကျောင်းသူ (အမျိုးသမီးအဆောင်)နေလိုသူများ လျှောက်ထားနိုင် စာ - ၂

တောင်ဆူဒန်အရေး အရှေ့အာဖရိက ခေါင်းဆောင်များ ဆွေးနွေးကြမည် စာ - ၄

မဟာဗန္ဓုလပန်းခြံ နိုင်ငံခြားသံတမန်များပါ အခမဲ့ဝင်ခွင့်ပြု စာ - ၅

ဝန်ထမ်းများအတွက် အားဆေးတစ်ခွက် စာ - ၉

ပျဉ်းမနားမြို့တွင် ဖုန်းဘက်ထရီ မီးအားသွင်းရာမှ ပလပ်ခုံဝိုင်ယာရှော့ခ် ဖြစ်ကာ မီးလောင် စာ - ၁၁

ဆီထွက်သီးနှံ ဘိလပ်သီးများ ကန့်ဘလူတွင် ဈေးကောင်းရ စာ - ၁၂

ကူဘစ်ရှ်လေ ဖွဲ့လ်ဟမ်နည်းစနစ်မျိုး ဖြစ်လာ စာ - ၁၄


# တိုင်းရင်းဆေးဆိုင်ရာကျန်းမာရေးပညာပေးလုပ်ငန်းများ ကျေးလက်အောက်ခြေထိရောက်ရှိအောင် ဆောင်ရွက်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစ၍ အစဉ်အလာမပျက် ကျင်းပခဲ့ရာ (၁၄)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သလို တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော ဆေးကျမ်းများကို ဖော်ထုတ်သုတေသနပြုပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အရှည်တည်တံ့ထွန်းကားနေရန် လိုအပ်သည်။ ထို့ကြောင့်ပင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ တွေ့ဆုံညှိနှိုင်း၍ အသစ်အသစ်သော တွေ့ရှိချက်ရလဒ်များ ပေါ်ထွန်းစေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပနေခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ဒီဇင်ဘာ ၂၇ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်သော (၁၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် တက်ရောက်လာကြသောညီလာခံကိုယ်စားလှယ်အချို့ကို တွေ့ဆုံ၍ တိုင်းရင်းဆေးလောက၏ လက်ရှိအခြေအနေနှင့် တိုင်းရင်းဆေးအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို သိရှိလို၍ မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။



ဦးဝထွန်း (တိုင်းရင်းဆေးကောင်စီဝင်)

စာမျက်နှာ ၁၀ ကော်လံ ၁

| ထူးခြားသည့် ညအပူချိန်များ ၂၇-၁၂-၂၀၁၃ | |
|---|---|
| လွိုင်လင်မြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၄ ဒီဂရီစင်တီဂရိတ် |

# ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၂နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော်မြန်မာ့အသံ၊ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပါကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။ (သတင်းစဉ်)

# ကျောက်တွဲရေယာဉ်ပြင်ဆင်ရန် ဂဟေဆော်စဉ်ပေါက်ကွဲမှုဖြစ်ပွား

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက် ဂေါဝိန်ဆိပ် ရတနာပုံသင်္ဘောကျင်းအနောက်ဘက် ဧရာဝတီမြစ်ကမ်းအနီး၌ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ရေယာဉ် CB ၁၁၅၅ အလျားပေ ၂၀၀၊ အနံ ၄၅ ပေ၊ ဇောက် ၉ ပေရှိ ကျောက်တင်တွဲသည် ကျောက်ကျင်း ၁၈၀ခန့် တင်ဆောင်လျက် သူရိန်ကျော် စိုးဝင်း(၈)တွဲသင်္ဘောနှင့်တွဲ၍ ဆိုက်ကပ်ထားရှိစဉ် ကျောက်တင်တွဲ၏ ရှေ့ပိုင်းကျောက်ဆူးချသည့် ကျောက်ထိန်းကွင်းပျက်စီးနေ၍ အသစ်လဲလှယ်ပြင်ဆင်ရန် လုပ်သားများက လေအိုးတစ်လုံး၊ ဂက်စ်အိုးတစ်လုံးတို့နှင့်အတူ လျှပ်စစ်ဖြင့်ဂဟေဆော်ကြစဉ် ထွက်ပေါ်လာသော မီးပွားများနှင့် ဂက်စ်အိုးမှထွက်ပေါ်လာသော ဓာတ်ငွေ့တို့ပေါင်းစပ်ပြီးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ခဲ့ကာ ကျောက်တွဲရေယာဉ်မြစ်ထဲနစ်မြုပ်သွားကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ကျောက်တွဲရေယာဉ်ကိုယ်ထည် ပွင့်ထွက်၍ ကျောက်တွဲနောက်ခန်း အဆောက်အအုံ ပွင့်ထွက်လွင့်စဉ်မှုကြောင့် အခင်းဖြစ်ကျောက်တွဲယာဉ်နှင့် ပေ ၂၀၀ ခန့်အကွာရှိနေသော မသိ(ခ)မသိသိ မြင့်(၄၃နှစ်)မွမ့်ကျကျေးရွာ ပုသိမ်ကြီးမြို့နေသူအား ကျောက်တွဲ ရေယာဉ် ကိုယ်ထည်သံပြားထိမှန်၍ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ဂဟေဆော်လုပ်သား လွင်မိုးအောင် (၁၈နှစ်) သိမ်တိုင်ရွာ မြင်းခြံမြို့နေသူမှာ ဒဏ်ရာများဖြင့် စိုးရိမ်ရပြီး မျိုးနိုင် (၂၄ နှစ်) သင်္ဘောလုပ်သား ဝဲကြီးကျေးရွာ စလင်းမြို့နေသူမှာ ဝဲမျက်နှာတစ်ခြမ်းနှင့် ဆံပင်၊ စာမျက်နှာ ၇ ကော်လံ ၁



ကျောက်တွဲရေယာဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ပျက်စီးနစ်မြုပ်နေစဉ်။ ဓာတ်ပုံ-တင်မောင်(မန္တလေး)

